**Assistance Association for Political Prisoners (Burma)**
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

P.O Box 93, Mae Sot, Tak Province 63110, Thailand
E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org




## လက်ရှိအခြေအနေ အကျဉ်းချုပ်

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလကုန်တွင် မြန်မာနိုင်ငံ အကျဉ်းထောင်များ အတွင်း နိုင်ငံရေးအကျဉ်းသား စုစုပေါင်း ၈၇ ဦး အကျဉ်းကျခံ နေရသည်။ တက်ကြွလှုပ်ရှားသူ ၁၀၈ ဦးသည် နိုင်ငံရေး လှုပ်ရှား မှုများကြောင့် လက်ရှိအချိန်တွင် တရားရင်ဆိုင်နေ ရပြီး ထိုထဲမှ ၂၄ ဦးသည် ထောင်တွင်းမှနေ၍ တရားရင်ဆိုင်နေရ သည်။

# နိုဝင်ဘာလ ၊ ၂၀၁၆ ခုနှစ်၊ နိုင်ငံရေး အကျဉ်းသားများ အခြေအနေပြ လစဉ်အစီရင်ခံစာ

## မာတိကာ


- တစ်လအတွင်း သုံးသပ်ချက်
- ထိန်းသိမ်းခံရခြင်းများ
- ထောင်ဒဏ်ချမှတ်ခံရခြင်းများ
- ထောင်မှ လွတ်မြောက်မှုများ
- ထောင်တွင်း အခြေအနေများ
- နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ၊
- ဥပဒေပြုရေးနှင့် မူဝါဒရေးဆိုင်ရာ တိုးတက်မှုများ
- လူ့အခွင့်အရေးနှင့်ဆိုင်သော ဆက်စပ်သတင်းများ
- နိဂုံးချုပ်နှင့် သုံးသပ်ချက်
- အရေးပါသည့် ဆက်စပ်သတင်းများဖတ်ရန် Links

# တစ်လအတွင်း သုံးသပ်ချက်

ယခုလတွင် တက်ကြွလှုပ်ရှားသူ တစ်ဦး အပါအဝင် ၈၅ ဦးဖမ်းဆီးခံခဲ့ရသည်။ ထို ၈၅ ဦး ထဲမှ ၈၄ ဦးသည် တိုင်းရင်းသားဒေသများမှ တိုင်းရင်းသားများ ဖြစ်ကြသည်။ ယခုလတွင် ဆက်သွယ်ရေးဥပဒေဖြင့် ကိုးဦးဖမ်းဆီးခံခဲ့ရသည်။ တက်ကြွလှုပ်ရှားသူ နှစ်ဦး ပြစ်ဒဏ်ချမှတ်ခံခဲ့ရပြီး တက်ကြွလှုပ်ရှားသူ ၁၃ ဦးသည် လွတ်ရက်စေ့သဖြင့် ထောင်မှ ပြန်လည် လွတ်မြောက်လာခဲ့သည်။ ယခုလတွင် ဆက်သွယ်ရေး ဥပဒေဖြင့် ၁၀ဦး တရားစွဲဆိုခံရခြင်းအပါအဝင် ၁၈ ဦးတရားစွဲဆိုခံခဲ့ရသည်။ နိုင်ငံရေး အကျဉ်းသားနှစ်ဦး မှာကျန်းမာရေးမကောင်းကြောင်း သိရှိရသည်။

အစိုးရသစ်လက်ထက်တွင်လည်း ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေကိုဆက်လက် အသုံးပြုဆဲဖြစ်သည်။ တကိုယ်တော် ဆန္ဒပြသူဦးခင်ဝင်းသည် စပါးဈေး မတရား ကျဆင်းနေသောကြောင့် အခက်အခဲများနှင့် ရင်ဆိုင်နေ ကြရသည့် လယ်သမားများနှင့် နိုင်ငံတော် သမ္မတ၊ နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ်တို့မှ တွေ့ဆုံပေးရန် ရေးသားထားသည့် ဆိုင်းဘုတ်ကိုကိုင်ကာ ခွင့်ပြုချက် တောင်းခံခဲ့ခြင်း မရှိပဲ ဆန္ဒထုတ် ဖော်ခဲ့သည့်အတွက် ငြိမ်း၊စု၊စီပုဒ်မ ၁၉ ဖြင့် ဖမ်းဆီးခံခဲ့ရသည်။

လူမှုကွန်ရက် စာမျက်နှာတွင် ရေးသားဖော်ပြခဲ့ခြင်းအတွက် လူပုဂ္ဂိုလ်များအား ဖြိုခွင်းရန် ဆက်သွယ်ရေးဥပဒေအား ဆက်လက် အသုံးပြုဆဲဖြစ်သည်။ ယခုလတွင် အစိုးရပိုင် ကြေးမုံသတင်းစာ၏ အလွတ်တန်း သတင်းထောက်တစ်ဦးဖြစ်သူ ဦးဇော်မင်းအောင်အား ဝေဖန်ခဲ့ခြင်း အတွက် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် နေပြည်တော် အခြေစိုက် သတင်းထောက်တစ်ဦးဖြစ်သူ ဦးမောင်မောင်ထွန်းသည် ဖမ်းဆီးခံခဲ့ရသည်။ ပဲခူးတိုင်း၊ ပြည်မြို့၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD)၏ သတင်းနှင့် ပြန်ကြားရေး တာဝန်ခံ ဦးကျော်ကျော်ဉာဏ်ဝင်း သည် ဆက်သွယ်ရေး ဥပဒေ ၆၆/ဃ ဖြင့် တရားစွဲဆိုခံခဲ့ရပြီး နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ပြည်မြို့နယ် တရားရုံး၌ ထိန်းသိမ်းခံခဲ့ရသည်။ ပြ ပည်မြို့နယ် တရားရုံးသူကြီးမှ သူ့အား ငွေကျပ်သိန်းနှစ်ဆယ်ဖြင့် အာမခံပေးခဲ့သည်။ ၎င်းပြင် အဆိုပါ အကြောင်းအရာအား ကူးယူဖော်ပြခဲ့သူ ကိုရှိန်းမင်းပိုင်သည် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ပြည်မြို့နယ် တရားရုံး၌ ထိန်းသိမ်းခံခဲ့ရပြီး ပြည်မြို့နယ် တရားသူကြီးမှ သိန်းနှစ်ဆယ်ဖြင့် အာမခံပေးခဲ့သည်။ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် အီလဲဗင်း မီဒီယာဂရု၏ အမှု ဆောင် အရာရှိချုပ် ဦးသန်းထွဋ်အောင်နှင့် အယ်ဒီတာချုပ် ကိုဝေဖြိုးတို့သည် ဆက်သွယ်ရေး ဥပဒေ ၆၆(ဃ) ဖြင့် ဖမ်းဆီးခံခဲ့ရပြီး အင်းစိန်ထောင်သို့ ပို့ဆောင်ခြင်း ခံခဲ့ရသည်။ ဦးသန်းထွဋ်အောင်မှ ၎င်း၏ လူမှုကွန်ရက်စာမျက်နှာ (Facebook) တွင် ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက စီးပွားရေ ရး လုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးမောင်ဝိတ်ထံမှ လက်ဆောင်လက်ခံခဲ့ သည်ဟု ဖော်ပြခဲ့သည်။ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ၎င်းတို့သည် အာမခံ ငြင်းပယ်ခြင်း ခံခဲ့ရသည်။ နိုဝင်ဘာလ ၃၀ ရက်နေ့တွင်လည်း ၎င်းတို့ ရုံးချိန်း တက်ရောက်ခဲ့ပြီး ထပ်မံ၍ အာမခံ ငြင်းပယ်ခံခဲ့ရသည်။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၏ အဖွဲ့ဝင်နှင့် ဗေဒါ အင်စတီကျု့အား တည်ထောင်သူ တစ်ဦးဖြစ်သူ ကိုမျိုး ရန်နောင်သိမ်းသည် ဆက်သွယ်ရေး ဥပဒေ ပုဒ်မ ၆၆/ဃ အား ချိုးဖောက်ခြင်းအတွက် နိုဝင်ဘာလ ၃ ရက်နေ့တွင် ဖမ်းဆီးခြင်း ခံခဲ့ရသည်။ နိုဝင်ဘာလ ၉ ရက်နေ့တွင် လှိုင်မြို့နယ်တရားရုံးမှ ကိုမျိုးရန်နောင်သိမ်း ၏ အာမခံ လျှောက်ထားမှု အားပယ်ချခြင်းခဲ့ပြီး ထိုနေ့တွင်ပင် သူ့အား အင်းစိန်ထောင်သို့ ပို့ဆောင်ခဲ့သည်။ နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ရုံးချိန်းတွင် သူ၏ အာမခံ လျှောက်ထားမှုသည် ထပ်မံ၍ ငြင်းပယ်ခြင်း ခဲ့ရသည်။ ပဲခူးမြို့တွင်နေထိုင်သူ မစန္ဒီမြင့်အောင်သည် အောက်တိုဘာလတွင်းတွင် ဆက်သွယ်ရေး ဥပဒေဖြင့် အမှုဖွင့် ခံခဲ့ရပြီးနောက် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရသည်။ ပဲခူးမြို့၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၏ ပြန်ကြားရေး ကော်မတီဝ င်တစ်ဦးဖြစ်သူ မလင်းလဲ့လဲ့လှိုင်မှ သူမအား အမှုဖွင့်ခဲ့ခြင်း ဖြစ်သည်။ မစန္ဒီမြင့်အောင်သည် နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြ ည်အား လူမှုကွန်ရက် စာမျက်နှာ (Facebook) မှတစ်ဆင့် ရို င်းစိုင်းစွာ ပုတ်ခတ်သည့် စာသားများ ဖော်ပြခဲ့သည်ဟု စွပ်စွဲခံခဲ့ရသည်။ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် သူမအား ရုံးထုတ် ရမန်ယူခဲ့ပြီး ဒီဇင်ဘာလ ၇ ရက်နေ့တွင် သူမသည် ထပ်မံ၍ ရုံးချိန်း တက်ရောက်ရမည် ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေ သကြီး၊ ကသာမြို့၊ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ၏ မြို့နယ် လူငယ် လုပ်ငန်းအဖွဲ့၊ လုံခြုံရေးနှင့် စည်းကမ်း ထိန်းသိမ်းရေးမှူး ကိုဝေယံကောင်းသည် အောက်တိုဘာလ ၃၁ ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရပြီးနောက် နိုဝင်ဘာလတွင်းတွင် ရုံးချိန်းနှစ်ကြိမ် တက်ရောက်ခဲ့သည်။ သူသည် လွှတ်တော် ကိုယ်စားလှယ်များနှင့် စစ်တိုင်းတိုင်း ဝန်ကြီးချုပ်တို့အား စော်ကားခဲ့ခြင်းအတွက် မတ်လတွင်းတွင် ဆက်သွယ်ရေး ဥပဒေ ပုဒ်မ ၆၆/ဃ ဖြင့် အမှုဖွင့် တိုင်ကြားခံခဲ့ရသည်။ ပန်ဂစီရွာသားတစ်ဦးဖြစ်သူ ကိုတင်ပို သည် စစ်ကိုင်းတိုင်း၊ ပန်ဂစီ ရွာသူကြီး ဦးနေဝင်းစိုးအား လူမှုကွန်ရက်စာမျက်နှာ (Facebook)တွင် အသရေဖျက်သည်ဟု စွပ်စွဲခံခဲ့ရပြီးနောက် နိုဝင်ဘာလ ၂ ရက်နေ့တွင် ဆက်သွယ်ရေး ဥပဒေ ပုဒ်မ ၆၆(ဃ)ဖြင့် တရားစွဲဆိုခံခဲ့ရသည်။ အောက်တို ဘာလ ၂၇ ရက်နေ့တွင် သူသည် ဖမ်းဆီးခံခဲ့ရပြီး အာမခံ မရရှိခဲ့ပါ။

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွ င့်ကို ကန့်သတ်ထားမှုများ နိုဝင်ဘာလတွင်းတွင်လည်း ဆက်လ က်ရှိနေဆဲဖြစ်သည်။ နိုဝင်ဘာလ ၃ ရက်နေ့တွင် ဆက်သွယ်ရေး ဥပဒေ ပြင်ဆင်ရေးအတွက် လက်ကမ်းစာစောင်များ ဝေငှနေသော တက်ကြွလှုပ်ရှားသူများအား ဇမ္ဗူသီရိမြို့နယ် အာဏာပိုင်များမှ တားဆီးခဲ့ပြီး ထိုလှုပ်ရှားမှုများ ဆက်လက်ပြုလုပ်ခွင့်မပြုခဲ့ပါ။

ဖိနှိပ်ထားသော ဥပဒေများဖြင့် တက်ကြွလှုပ်ရှားသူများအား တရားစွဲဆို၊ ပြစ်ဒဏ်ချမှတ်မှုများ ယခုလတွင်လည်း ဆက်လက်ရှိနေဆဲဖြစ်သည်။ စစ်တပ်အား အသရေဖျက်ခြင်းအတွက် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်တရားရုံး မှ ကိုလှဖုန်းအား ဆက်သွယ်ရေး ဥပဒေ ၆၆/ဃ၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅/ခ၊ နိုင်ငံတော် အလံအက်ဥပဒေ ပုဒ်မ ၁၆ တို့ဖြင့် ထောင်ဒဏ် နှစ်နှစ် ချမှတ်ခဲ့သည်။ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် လူမှုရေးနှင့် နိုင်ငံရေး တက်ကြွလှုပ်ရှားသူ ကိုရာပြည့် ခေါ် ကိုမျိုးသူဝင်းသည် ဆက်သွယ်ရေး ဥပဒေ ၆၆/ဃ ဖြင့် ထောင်ဒဏ် ခြောက်လ ချမှတ်ခြင်းခံခဲ့ရသော်လည်း ထိုနေ့တွင်ပင် လွတ်ရက်စေ့သဖြင့် ထောင်မှ ပြန်လည် လွတ်မြောက်လာခဲ့သည်။

ယခုလတွင် မြန်မာတိုင်း သတင်းစာ၏ အထူးသတင်း စုံစမ်းရေးသားသည့် သတင်းထောက်တစ်ဦးဖြစ်သူ ဖိုင်အိုနာ မက်ဂရက်ဂါအား မြန်မာတိုင်းမှ ထုတ်ပယ်ခဲ့ပြီးနောက် စာနယ်ဇင်းလွတ် လပ်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်တို့သည် ခြိမ်းခြောက်မှုအောက်တွင် ဆက်လက်ရှိနေဆဲဖြစ်သည်။

အောက်တိုဘာလ ၂၇ ရက်နေ့တွင် သူမရေးသားခဲ့သော ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်ရှိ၊ ‌ေ ရွကြာရွာ၌ လုံခြုံရေးတပ်ဖွဲ့များမှ ဒါဇင်နှင့်ချီသော အမျိုးသမီးများကို မုဒိမ်းကျင့်ခဲ့သည်ဟူသော စွပ်စွဲရေးသားခဲ့သည့် သတင်းကို အစိုးရမှ ဝေဖန်ခဲ့ပြီး‌ေ နာက် သူမ ထုတ်ပယ်ခံခဲ့ရခြင်း ဖြစ်သည်။

စစ်ကိုင်း အလုပ်သမား အခွင့်အရေးအတွက် ဆန္ဒပြ ခဲ့သောကြောင့် အောက်တိုဘာလ ၂၄ ရက်နေ့တွင် နေပြည်တော်၊ တပ်ကုန်းမြို့နယ် တရားရုံးမှ တရားမဝင်စုဝေးခြင်းအတွက် ရာဇသတ်ကြီးပုဒ်မ ၁၄၃၊ ၁၄၅၊ နိုင်ငံတော် အကြည်အညိုပျက်စေမှု၊ ရာဇသတ်ကြီး ပုဒ်မ ၅၀၅/ခ တို့ဖြင့် ထောင်ဒဏ် ငါးလစီ ပြစ်ဒဏ်ချမှတ်ခံထားရသော အမျိုးသား ၁၂ ဦးသည် နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ‌ေ ထာင်မှ ပြန်လည် လွတ်မြောက်လာခဲ့သည်။ ၎င်းတို့သည် ယခင်က အလုပ်လုပ်ခဲ့သော Myanmar Venner သစ်အချောထည်စက်ရုံတွင် အလုပ်လုပ်ခွင့် ပြန်လည်ရရှိရန် ယခုလက်ရှိတွင် ဆန္ဒပြ တောင်းဆိုလျက်ရှိသည်။

မတရားအသင်းအက်ဥပဒေအား လက်နက်သဖွယ် ဆက်လက်အသုံးပြု၍ နိုင်ငံသားများကို တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များနှင့် အသိအမှတ်ပြုထားခြင်းမရှိသော အဖွဲ့အစည်းများနှင့် ဆက်နွယ်နေသည်ဟု စွပ်စွဲကာ ဖမ်းဆီး၊ ထိန်းသိမ်း၊ တရားစွဲဆိုလျက်ရှိသည်။ နိုဝင်ဘာလ ၄ ရက်နေ့တွင် စစ်တပ်မှ ရှမ်းပြည် တိုးတက်ရေး ပါတီ၊ ရှမ်းပြည် တပ်မတော် မြောက်ပိုင်း (SSPP/SSA-North) ၏ တပ်သား လေးဦးကို ဖမ်းဆီးခဲ့သည်။ အရပ်ဝတ် ဝတ်ဆင်ထားပြီး လက်နက်ကိုင်ဆောင်ထားခြင်း မရှိသော်လည်း ထိုတပ်ဖွဲ့ဝင် လေးဦးအား မိုင်းနောင်းရှိ စစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးခဲ့သည်။ ထို ့နောက် စစ်တပ်မှ ၎င်းတို့အား မတရားအသင်း အ က် ဥပဒေ ၁၇/၁ ဖြင့် တရားစွဲဆိုခဲ့ပြီး ရဲလက်သို့ လွှဲပြောင်းခဲ့သည်။

နိုဝင်ဘာလ ၂၀ ရက်နေ့တွင် နမ္မတူမြို့နယ်ရှိ ရွာသား ၁၁ ဦးအား တအာင်းလွတ်မြောက်ရေး တပ်မတော် (TNLA) မှ ဖမ်းဆီးခဲ့သည်။ ထိုရွာသား ၁၁ ဦး သည် ရှမ်းပြည် ပြန်လည် ထူထောင်ရေး ကောင်စီ / ရှမ်းပြည်တပ်မတော် (RCSS/SSA) ၏ သတင်းပေးသူများဟု စွပ်စွဲခံခဲ့ရကာ ဖမ်းဆီး ခံခဲ့ရခြင်းဖြစ်သည်။ နိုဝင်ဘာလ ၂ ရက်နေ့တွင် ရှမ်းပြည် တိုးတက်ရေး ပါတီ/ရှမ်းပြည် တပ်မတော် (SSPP/SSA)မှ ရွာသား ဆယ့်ကိုးဦးအား ဖမ်းဆီး သွားခဲ့သည်။ SSA မှ ၎င်းတို့အား လူသစ်ဖြည့်ဆည်းရန်အတွက် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

နိုဝင်ဘာလတွင်း တိုးတက်မှုတစ်ခုသည် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ညအိပ်ဧည့်သည်များလာရောက်လျှင် အာဏာပိုင်များအား အသိပေးရန် လိုအပ်သည့် ရပ်ကွက် (သို့မဟုတ်) ကျေးရွာ အုပ်ချုပ်ရေး ဥပဒေကြမ်း ပုဒ်မ ၁၃/ဆ အားပြန်လည် ပြင်ဆင်ခြင်းဖြစ်သည်။

# ထိန်းသိမ်းခံရခြင်းများ

## ဆက်သွယ်ရေးဥပဒေ ၆၆/ဃ ဖြင့် သတင်းထောက်တစ်ဦး ထိန်းသိမ်းခံရ

အစိုးရပိုင် ကြေးမုံသတင်းစာ၏ အလွတ်တန်း သတင်းထောက်တစ်ဦးဖြစ်သူ ဦးဇော်မင်းအောင်အား အယ်ဒီတာ ပေးစာကဏ္ဍနှင့် လူမှုကွန်ရက်စာမျက်နှာတွင် ဝေဖန်ခဲ့ခြင်းအတွက် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် နေပြည်တော် အခြေစိုက် သတင်းထောက်တစ်ဦးဖြစ်သူ ဦးမောင်မောင်ထွန်းသည် ဖမ်းဆီးခံ ခဲ့ရသည်။ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ဦးမောင်မောင်ထွန်းအား ပျဉ်းမနားမြို့နယ်တရားရုံး၌ ပထမအကြိမ် ရုံးထုတ်၍ ရမန်ယူခဲ့သည်။ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် သူ့အား ထပ်မံ၍ ရုံးထုတ် စစ်ဆေးမည်ဖြစ်သည်။

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်၊ ဧရာဝတီ
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်၊ ဘီဘီစီ/မြန်မာ

## ဆက်သွယ်ရေးဥပဒေဖြင့် NLD အဖွဲ့ဝင်တစ်ဦး ဖမ်းဆီးခံရ

နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ပုသိမ်မြို့နယ်၊ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ဒုဥက္ကဋ္ဌ ဦးဆန်းရွှေသည် ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆/ဃ ဖြင့် ဖမ်းဆီးခံခဲ့ရ သည်။ သူသည် ပုသိမ်မြို့နယ်၊ ဆင်မဧ ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်ကိုလွင်အား လူမှု ကွန်ရက် စာမျက်နှာ (Facebook) တွင် အသရေဖျက်ခဲ့သည်ဟု စွပ်စွဲ ခံခဲ့ရသည်။ ဦးဆန်းရွှေမှ ဆင်မဧကျေးရွာအုပ်ချုပ်ရေးမှူးက ဆင်မဧကျေးရွာရှိ အရက် ပုန်းဆိုင်များအား အရက်ဆီများကို မယူမနေရ လိုက်လံ ဖြန့်ဖြူးနေကြောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၏ တူပစ္စည်းဖြစ်၍ ယူပေးရမည်ဟု နာမည်အလွဲသုံးစားပြုလုပ်နေပါကြောင်း၊ EC ရပ်ကျေးမှ လာရောက် တင်ပြပါသည်၊ ဥက္ကဋ္ဌနှင့် ပါတီလွှတ်တော်၏ ဂုဏ်သိက္ခာကို များစွာ ထိခိုက်စေပါသည်၊ အမှန်တရားဖော်ထုတ် ရှင်းလင်းရန်လိုမည် ဟု ရေးသားခဲ့သည်။ ဦးဆန်းရွှေမှ သူ ဖမ်းဆီးခံရ ကတည်းက ကျန်းမာရေး မကောင်းပဲ ဆေးကုသခွင့် လုံလောက်အောင် ရချင် သည်ဟု ပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်၊ အီလဲဗင်း

## နမ္မတူမြို့နယ်တွင် ရွာသား၁၁ ဦး ဖမ်းဆီးခံရ

နိုဝင်ဘာလ ၂၀ ရက်နေ့တွင် နမ္မတူမြို့နယ်ရှိ ရွာသား ၁၁ ဦးအား တအာင်းလွတ်မြောက်ရေး တပ်မတော် (TNLA) မှ ဖမ်းဆီးခဲ့သည်။ ထိုရွာသား ၁၁ ဦး သည် ရှမ်းပြည် ပြန်လည် ထူထောင်ရေး ကောင်စီ / ရှမ်းပြည်တပ်မတော် (RCSS/SSA) ၏ သတင်းပေးသူများဟု စွပ်စွဲခံ ခဲ့ရကာ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ နမ္မတူမြို့နယ်၊ ထောက်ကူပြုအဖွဲ့ ဥက္ကဋ္ဌ ဦးစိုင်းဘဉာဏ်မှ ထိုရွာသားများသည် မည်သည့် လက်နက်ကိုင် အဖွဲ့တွင်မှ ပါဝင်ခြင်းမရှိခဲ့ပါဟု ပြောကြားခဲ့ပြီး ၎င်းတို့ လွတ်မြောက် ရေးအတွက် ပလောင်အမျိုး သားပါတီအား အကူအညီတောင်းထား သည်ဟု ပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်၊ ဒီဗွီဘီ/မြန်မာ

## NLD အဖွဲ့ဝင်တစ်ဦးအား ပုဒ်မ ၆၆/ဃ ဖြင့် ထိန်းသိမ်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD)၏ သတင်းနှင့် ပြန်ကြားရေး တာဝန်ခံ ဦးကျော်ကျော်ဉာဏ်ဝင်းအား ပြည်မြို့ နယ်၊ နဝင်းရပ်ကွက်၊ ဝါရုံရာအိမ်မှူး ဦးမော င်မောင်မှ ဆက်သွယ်ရေး ဥပဒေ ၆၆/ဃ ဖြင့် တရားစွဲဆိုခဲ့သည်။ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် သူ့အား ပြည်မြို့နယ် တရားရုံး၌ ထိန်းသိမ်းခဲ့သည်။ ဩဂုတ်လ ၁၀ ရက်နေ့တွင် ဦးကျော်ကျော်ဉာဏ်ဝင်းမှ သူ၏ လူမှုကွန်ရက်စာမျက်နှာ (Facebook) တွင် ရေဘေး ဒုက္ခသည်များအတွက် လှူဒါန်း ထားသော အလှူငွေ ကျပ် တစ်သိန်းနှင့် အဝတ်အထည်များကို ဦးမောင်မောင်မှ ယူဆောင်သွားကြောင်း ရေးသား ဖော်ပြခဲ့ပြီးနောက် ထိုကဲ့သို့ တရားစွဲဆို ခံခဲ့ရခြင်းဖြစ်သည်။ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် သူ၏ ပထမအကြိမ် ရုံးချိန်းအား ပြည်မြို့နယ် တရားရုံး၌ တက်ရောက်ခဲ့ပြီး ငွေကျပ်သိန်းနှစ်ဆယ်ဖြင့် အာမခံရခဲ့သည်။ ဦးကျော်ကျော်ဉာဏ်ဝင်းမှ အများပြည်သူနှင့် သက်ဆိုင်သည့် ကိစ္စအား ပြန်ကြားပေးရန် တာဝန်ရှိသည့်အတွက် ယခုကဲ့သို့ ရေးသား ဖော်ပြခဲ့ခြင်းဖြစ်ပြီး အများပြည်သူ၏ အကျိုးစီးပွားအတွက် ရေးသားခြင်းဖြစ်သောကြောင့် ၎င်းတွင် အပြစ်မရှိဟု ပြောကြားခဲ့သည်။ ဦးမောင်မော င်မှလည်း ထိုသတင်းသည် သတင်းအမှားသာဖြစ်၍ အသရေဖျက်ခြင်းအတွက် ၆၆/ဃ ဖြင့် တရားစွဲဆို ခဲ့ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။ ဒီဇင်ဘာလ ၅ ရက်နေ့တွင် သူသည် ထပ်မံ၍ ရုံးချိန်းတက်ရောက်ရမည် ဖြစ်သည်။

၎င်းပြင် အဆိုပါ အကြောင်းအရာအား ကူးယူဖော်ပြခဲ့သူ ကိုရှိန်းမင်းပိုင်သည် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ပြည်မြို့နယ် တရားရုံး၌ ထိန်းသိမ်းခံခဲ့ရပြီး ပြည်မြို့နယ် တရားသူကြီးမှ သိန်းနှစ်ဆယ်ဖြင့် အာမခံပေးခဲ့သည်။

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်၊ ဧရာဝတီ
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်၊ The Voice/မြန်မာ
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်၊ အီလဲဗင်း/မြန်မာ

## ငြိမ်းစုစီဥပဒေဖြင့် တကိုယ်တော် ဆန္ဒပြသူတစ်ဦး ဖမ်းဆီးခံရ

တကိုယ်တော် ဆန္ဒပြသူ ဦးခင်ဝင်းအား ငြိမ်းစုစီဥပဒေ ပုဒ်မ ၁၉ ဖြင့် ကျောက်တံတားမြို့နယ်ရဲများမှ ဖမ်းဆီးခဲ့သည်။ နိုဝင်ဘာလ ၁၄ ရက်နေ့ တွင် သူသည် ရန်ကုန်မြို့၊ မြို့တော်ခန်းမရှေ့၌ စပါးဈေး မတရား ကျဆင်းနေသောကြောင့် အခက်အခဲများနှင့် ရင်ဆိုင်နေရသည့် လယ်သမားများနှင့် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ်တို့မှ တွေ့ဆုံ ပေးရန် ရေးသားထားသည့် ဆိုင်းဘုတ်ကို ကိုင်ကာ ဆန္ဒထုတ်ဖော်ခဲ့သည်။ သူသည် သက်ဆိုင်ရာသို့ အသိပေး အကြောင်းကြားခြင်းမရှိပဲ ဆန္ဒထုတ်ဖော်ခဲ့ခြင်းအတွက် ပုဒ်မ ၁၉ ဖြင့် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်၊ The Voice/မြန်မာ

**ရှမ်းပြည် တပ်မတော် (မြောက်ပိုင်း) ၏ တပ်သား လေး ဦးကို တပ်မတော်မှ ဖမ်းဆီး**

နိုဝင်ဘာလ ၄ ရက်နေ့တွင် စစ်တပ်မှ ရှမ်းပြည် တိုးတက်ရေး ပါတီ၊ ရှမ်းပြည် တပ်မတော် မြောက်ပို င်း (SSPP/SSA-North) ၏ တပ်သား လေးဦး ကို ဖမ်းဆီးခဲ့သည်။ ထိုတပ်ဖွဲ့ဝင် လေးဦးအား မိုင်းနောင်းရှိ စစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး မတရားအသင်း အက် ဥပဒေ ၁၇/၁ ဖြင့် စစ်တပ်မှ တရားစွဲဆိုထားပြီး ရဲလက်သို့ လွှဲပြောင်းခဲ့သည်။ ထိုတပ်သား လေးဦးသည် အရပ်ဝတ်သာ ဝ တ်ဆင်ထားပြီး လက်နက် ကိုင်ဆောင်ထားခြင်းမရှိခဲ့ပါ။ ရှမ်းပြည် တပ်မတော် (မြောက်ပိုင်း) ၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ကြီး စိုင်းဘုန်းဟန်မှ ထိုစွဲချက်များသည် အဓိပ္ပါယ်မရှိရုံသာမက တနိုင်ငံလုံးဆိုင်ရာ အပစ် အခတ် ရပ်စဲရေး စာချုပ် (NCA) ရရှိရန် ယုံကြည်မှု နှင့် ငြိမ်းချ မ်း ရေး တည်ဆောက်နေသည့် ကာလတွင် မဖြစ်သင့်ပါဟု ပြောကြားခဲ့သည်။

NCA အား အစိုးရနှင့် ရှမ်းပြည် တပ်မတော် (မြောက်ပိုင်း) တို့ကြား လက်မှတ် ရေးထိုးထားခဲ့ပြီး NCA တွင် ရှမ်းပြည် တပ်မတော် (မြောက်ပိုင်း) အဖွဲ့ဝင် များသည် ရှမ်းပြည်နယ်တွင် လက်နက်မပါ လျှင် အရပ်ဝတ်ဖြင့် လွတ်လပ်စွာ သွားလာခွင့်ရှိသည်ဟု သဘော တူညီထားခဲ့သည်။
[၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်၊ ဧရာဝတီ](#)
[၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်၊ ဧရာဝတီ/မြန်မာ](#)

**ရန်ကုန်တိုင်းအစိုးရမှ အီလဲဗင်း မီဒီယာဂရုအား အသရေ ဖျက်ခြင်းအတွက် တရားစွဲဆို**

ရန်ကုန်တိုင်း ဒေသကြီး အစိုးရအဖွဲ့မှ အီလဲဗင်း မီဒီယာဂရု၏ အမှု ဆောင် အရာရှိချုပ် ဦးသန်းထွဋ်အောင်နှင့် အီလဲဗင်း မီဒီယာဂရုအား အသရေဖျက်ခြင်းအတွက် ရန်ကုန်မြို့ တာမွေမြို့နယ် ရဲစခန်း၌ အမှုဖွင့်ခဲ့သည်။ ဦးသန်းထွဋ်အောင်မှ ၎င်း၏ လူမှုကွန်ရက်စာမျက်နှာ (Facebook) တွင် ရန်ကုန်တိုင်း ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက စီးပွား ရေး လုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးမောင်ဝိတ်ထံမှ လက်ဆောင်လက်ခံခဲ့ သည်ဟု ဖော်ပြခဲ့သည်။ ဦးဖြိုးမင်းသိန်းမှ ထို Facebook ပို့နှင့် ဆက် နွယ်ကာ ဆက်သွယ်ရေးဥပဒေ ၆၆/ဃ ဖြင့် ဦးစွာ အမှုဖွင့်ခဲ့ခြင်းဖြစ် သည်ဟု ပြောကြားခဲ့သည်။ ထို့ပြင် နိုဝင်ဘာလ ၆ ရက်နေ့တွင် ဒေးလီးအီလဲဗင်း သတင်းစာ၌ ဖော်ပြခဲ့သော မည်သူကို ဖော်ညွှန်း ထားခြင်းမရှိသည့် အလားတူ ဆောင်းပါးအတွက် သီးခြားပုဒ်မဖြင့် တရားစွဲဆိုလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ရန်ကုန် တိုင်းအစိုးရ အနေဖြင့် တရားစွဲဆိုခြင်းမပြုမီ မြန်မာ စာနယ်ဇင်း ကောင်စီနှင့် ဆွေးနွေးမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။ နိုဝင်ဘာလ ၇ ရက်နေ့ တွင် ရန်ကုန်တိုင်းအစိုးရမှ အီလဲဗင်း မီဒီယာဂရုထံသို့ စာပေးပို့ခဲ့ပြီး ထိုဆောင်းပါးနှင့် ပတ်သက်၍ အသေးစိတ်အချက် အလက်များနှင့် စွပ်စွဲချက်များကို ရှင်းပြရန် တောင်းဆိုခဲ့သည်။ သို့ သော်လည်း အီလဲဗင်း မီဒီယာဂရုမှ ထိုတောင်းဆို ချက်များကို ငြင်း ဆိုခဲ့သည်။ သတင်း လွတ်လပ်ခွင့်ကို ကာကွယ်ရန် ကျင့်ဝတ်များကို လိုက်နာရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ နိုဝင်ဘာလ ၁၀ ရက် နေ့တွင် ဦးသန်းထွဋ်အောင် နှင့် ကိုဝေဖြိုးတို့အား တာမွေမြို့နယ် ရဲစခန်းသို့ လာရောက်ရန် ဆင့်ခေါ်ထားသော်လည်း ရောက်ရှိခဲ့ခြင်း မရှိပါ။

နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ဦးသန်းထွဋ်အောင်နှင့် ကိုဝေဖြိုးတို့သည် ရန်ကုန်တိုင်း၊ အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ရုံး၌ ၎င်းတို့ကိုယ်တိုင် သွားရောက် အဖမ်းခံခဲ့ပြီး ထိုနေ့တွင်ပင် ၎င်းတို့သည် အင်းစိန်ထောင်သို့ ပို့ဆောင်ခြင်း ခံခဲ့ရသည်။

မြန်မာ စာနယ်ဇင်း ကောင်စီနှင့် အဖွဲ့အစည်း လေးဖွဲ့ဖြစ်သော မြန်မာ သတင်းစာဆရာများ အစည်းအရုံး၊ မြန်မာ သတင်းစာဆရာများ ကွန်ရက်၊ မြန်မာ ရှေ့နေများ ကွန်ရက်နှင့် နိုင်ငံတကာ ဆိုင်ရာ မြန်မာ့သတင်းများ အဖွဲ့ တို့မှ ပူးတွဲ ကြေငြာချက်များ ထုတ်ပြန်၍ မီဒီယာ ဥပဒေနှင့်အညီ အလျင် အမြန် အဖြေရှာရန် တောင်းဆိုခဲ့သည်။ ထိုဥပဒေတွင် မီဒီယာ အဖွဲ့အစည်း များအတွက် စည်းမျဉ်းများ၊ လမ်းညွှန်ချက်များ၊ လူ့ကျင့်ဝတ်များ ပြဋ္ဌာန်းထား သည့်ပြင် မြန်မာစာနယ်ဇင်း ကောင်စီအတွက် အငြင်းပွားမှုများကို ဖြေရှင်းရန် ဆုံးဖြတ်ချက်ချနိုင်သော အဓိကအပိုင်းတွင် ဆော င်ရွက်ရန်လည်း ဖန်တီး စီမံ ပေးထားသည်။ ထိုကြေငြာချက်ထဲတွင် အီလဲဗင်း မီဒီယာဂရုအား ဆက်သွယ် ရေး ဥပဒေ၊ ပုဒ်မ ၆၆/ဃ ဖြင့် တ ရားစွဲဆိုခြင်းသည် မီဒီယာ ဥပဒေနှင့် မြန်မာ စာနယ်ဇင်း ကောင်စီ၏ စည်းမျဉ်းများကို လျစ်လျူရှုခြင်း ဖြစ်ကြောင်း ဖော်ပြထားသည်။ ထို့ပြင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ် ရန် ကြိုးပမ်းခြင်းဖြစ်သည်ဟု ဖော်ပြထား သည်။ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ၎င်းတို့သည် ဆက်သွယ်ရေး ဥပဒေ ၆၆/ဃ ဖြင့် တရားစွဲဆိုခံခဲ့ ရပြီး အာမခံ ငြင်းပယ်ခြင်း ခံခဲ့ရသည်။ နိုဝင်ဘာလ ၃၀ ရက်နေ့တွင်လည်း ၎င်းတို့ ရုံးချိန်းတက်ရောက်ခဲ့ပြီး ထပ်မံ၍ အာမခံ ငြင်းပယ်ခြင်းခံခဲ့ရသည်။
[၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်၊ လွတ်ပ်သော အာရှအသံ/မြန်မာ](#)
[၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်၊ ဘီဘီစီ/မြန်မာ](#)
[၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်၊ ဧရာဝတီ/မြန်မာ](#)
[၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်၊ မြန်မာတိုင်း/မြန်မာ](#)
[၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်၊ 7 Day Daily/မြန်မာ](#)
[၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ](#)
[၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်၊ ဒီဗွီဘီ/မြန်မာ](#)
[၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်၊ ဗွီအိုအေ/မြန်မာ](#)
[၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်၊ The Voice/မြန်မာ](#)
[၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်၊ မြန်မာတိုင်း](#)
[၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်၊ ဧရာဝတီ](#)
[၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်၊ အီလဲဗင်း](#)
[၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်၊ မဇ္ဈိမ](#)
[၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်၊ လွတ်လပ်သော အာရှအသံ](#)
[၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်၊ ဒီဗွီဘီ](#)
[၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်၊ မြန်မာတိုင်း](#)
[၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်၊ 7 Day Daily/မြန်မာ](#)
[၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်၊ ဘီဘီစီ/မြန်မာ](#)
[၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်၊ ဒီဗွီဘီ/မြန်မာ](#)
[၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်၊ ဗွီအိုအေ/မြန်မာ](#)
[၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်၊ မဇ္ဈိမ/မြန်မာ](#)
[၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်၊ The Voice/မြန်မာ](#)
[၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်၊ ဧရာဝတီ/မြန်မာ](#)
[၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်၊ အီလဲဗင်း/မြန်မာ](#)
[၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်၊ 7 Day Daily/မြန်မာ](#)
[၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်၊ ဘီဘီစီ/မြန်မာ](#)
[၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက် အီလဲဗင်း/မြန်မာ](#)

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်၊ ချိုင်းနားပို့
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်၊ မဇ္ဈိမ
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်၊ မဇ္ဈိမ
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်၊ ဧရာဝတီ
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်၊ The Voice/မြန်မာ
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်၊ ဘီဘီစီ/မြန်မာ

**မိုင်းရှူးမြို့နယ်တွင် ရွာသား ၁၉ ဦးအား ရှမ်းပြည်တပ်မတော်မှ ဖမ်းဆီး**

နိုဝင်ဘာလ ၂ ရက်နေ့တွင် ရှမ်းပြည် တိုးတက်ရေး ပါတီ /ရှမ်းပြည် တပ်မတော် (SSPP/SSA)မှ မိုင်းရှူးမြို့နယ်ရှိ ရွာသား ၁၉ ဦး အား ဖမ်းဆီး သွားခဲ့သည်ဟု တပ်မတော်ပို င် မြဝတီ သတင်းစာတွင် ဖော်ပြခဲ့သည်။ အရှေ့အလယ်ပိုင်း စစ်ဌာနချုပ်မှ ထိုရွာသား များအား အမြန် ဆုံး လွှတ်ပေးရန် တောင်းဆိုခဲ့သည်။ ရှမ်းပြည်တပ်မတော် (SSA) သည် တနိုင်ငံလုံးဆိုင်ရာ အပစ်အခတ် ရပ်စဲရေး စာချုပ် (NCA)အား လက်မှတ်ရေးထိုးရခြင်းမရှိသေးသည့် အဖွဲ့ဖြစ်သည်။

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်၊ အီလဲဗင်း/မြန်မာ

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်၊ မြန်မာတိုင်း

**တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်အား ဝေဖန်ခြင်းအတွက် NLD အဖွဲ့ဝင်တစ်ဦး ဖမ်းဆီး၊ တရားစွဲဆိုခံရ**

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၏ အဖွဲ့ဝင်နှင့် ဗေဒါ အင်စတီကျု့ အား တည်ထောင်သူ တစ်ဦးဖြစ်သူ ကိုမျိုးရန်နောင်သိမ်းသည် ဆက်သွယ်ရေး ဥပဒေ ၆၆/ဃ အား ချိုးဖောက်ခြင်းအတွက် နိုဝင်ဘာလ ၃ ရက်နေ့တွင် ဖမ်းဆီးခြင်း ခံခဲ့ရသည်။ ပုဒ်မ ၆၆/ဃ သည် မည်သူမဆို ဆက်သွယ်ရေး ကွန်ရက်တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား ခြောက်လှန့် တောင်းယူခြင်း၊ အနိုင် အထက် ပြုခြင်း၊ မတရား တားဆီး ကန့်ကွက်ခြင်း၊ အသရေဖျက်ခြင်း၊ နှောင့် ယှက်ခြင်း၊ မလျော်ဩဇာသုံးခြင်း သို့ မဟုတ် ခြိမ်းခြောက်ခြင်းတို့ ပြုလုပ်ခြင်းမှ တားမြစ်ထားသည်။

ရဲများမှ ကိုမျိုးရန်နောင်သိမ်းသည် သူ၏ လူမှုကွန်ရက် စာမျက်နှာ တွင် မောင်တော နယ်စပ်တိုက်ခိုက်မှုများနှင့် ဆက်နွယ်၍ ကာကွယ် ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူး ကြီး မင်းအောင်လှိုင်အား ဝေဖန်ခဲ့ေ သာ စာသားများဖော်ပြခဲ့ခြင်းနှင့် ပတ်သက်၍ ဖမ်းဆီးခဲ့ခြင်းဖြစ် ကြော င်း အတည်မပြုခဲ့ပါ။ ထိုပို့ထဲ၌ ကိုမျိုးရန်နောင်သိမ်းသည် ဗိုလ်ချုပ်မှူး ကြီး မင်းအောင်လှိုင်အား တာဝန် အရှိဆုံးဖြစ်ပါလျက် နှုတ်ထွက်ခြင်း မရှိသည်ကို ဝေဖန်ခဲ့သည်။ ကိုမျိုးရန်နောင်သိမ်း ဖမ်း ဆီးခံရချိန်တွင် အတူရှိနေခဲ့သော သူငယ်ချင်းဖြစ်သူမှ ကိုမျိုးရန် နောင်သိမ်း အား အမျိုးသားခြောက်ဦးမှ NLD ရုံးချုပ်အနီးတွင် ဖမ်းဆီးခဲ့ပြီး ထိုထဲမှ တစ်ချို့သည် ရဲဝတ်စုံ ဝတ်ဆင်ထားသည်ဟု ပြောကြားခဲ့သည်။ NLD မှ လိုအပ်လျှင် ဥပဒေရေးရာဆိုင်ရာ ပံ့ပိုးမှုများ ပြုလုပ်ပေးမည်ဟု ကတိပြုခဲ့ပြီး တရားမျှတစွာဖြင့် အမှုအား ဆက်လက် ရင်ဆိုင်မည်ဖြစ် ကြောင်း သိရှိရသည်။

နိုဝင်ဘာလ ၉ ရက်နေ့တွင် လှိုင်မြို့နယ်တရားရုံးမှ ကိုမျိုးရန်နောင်သိမ်း ၏ အာမခံ လျှောက်ထားမှုအား ပယ်ချ ခဲ့ပြီး ထိုေ န့တွင်ပင် သူ့အား အင်းစိန် ထောင်သို့ ပို့ဆောင်ခဲ့သည်။ နိုဝင်ဘာလ ၁၇ ရက်နေ့ ရုံးချိန်းတွင် သူ၏ အာမခံ လျှောက်ထားမှုသည် ငြင်းပယ်ခြင်း ခံရသည်။ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် သူသည် ထပ်မံ၍ ရုံးချိန်း တက်ရောက်ရမည်ဖြစ်သည်။
၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၃ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၃ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၃ ရက်၊ The Voice/မြန်မာ
၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၃ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၃ ရက်၊ ဧရာဝတီ
၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၃ ရက်၊ မဇ္ဈိမ
၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၄ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၄ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၄ ရက်၊ ဒီဗွီဘီ
၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၄ ရက်၊ ဧရာဝတီ
၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၄ ရက်၊ မြန်မာတိုင်း
၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၅ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်၊ မြန်မာတိုင်း
၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၉ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၉ ရက်၊ The Voice/မြန်မာ
၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၉ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်၊ မြန်မာတိုင်း/မြန်မာ
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်၊ မြန်မာတိုင်း

**ဆက်သွယ်ရေးဥပဒေဖြင့် မစန္ဒီမြင့်အောင် ဖမ်းဆီးခံရ**

ပဲခူးမြို့တွင်နေထိုင်သူ မစန္ဒီမြင့်အောင်သည် အောက်တိုဘာလ ၂၈ ရက်နေ့တွင် ဆက်သွယ်ရေး ဥပဒေဖြင့် အမှုဖွင့် ခံခဲ့ရပြီးနောက် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ဖမ်းဆီးခြင်း ခံခဲ့ရသည်။ ပဲခူးမြို့၊ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်၏ ပြန်ကြားရေး ကော်မတီဝင်တစ်ဦးဖြစ်သူ မလင်းလဲ့လဲ့လှိုင် မှ သူမအား အမှုဖွင့်ခဲ့ခြင်း ဖြစ်သည်။ မစန္ဒီမြင့်အောင်သည် နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား လူမှုကွန်ရက်စာမျက်နှာ (Facebook) မှတစ်ဆင့် ရိုင်းစိုင်းစွာ ပုတ်ခတ် သည့် စာသားများ ဖော်ပြခဲ့ သည်ဟု စွပ်စွဲခံခဲ့ရသည်။ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် သူမအား ရုံးထုတ် ရမန်ယူခဲ့ပြီး ဒီဇင်ဘာလ ၇ ရက်နေ့တွင် သူမသည် ထပ်မံ၍ ရုံးချိန်း တက်ရောက်ရမည် ဖြစ်သည်။
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်၊ အီလဲဗင်း/မြန်မာ

# ထောင်ဒဏ်ချမှတ်ခံရခြင်းများ

**ကြက်ဖကြီး လူမှုကွန်ရက် စာမျက်နှာ ပိုင်ရှင်ဟု စွပ်စွဲခံရသူ ထောင်ဒဏ်ချမှတ်ခံရ**

နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်တရားရုံးမှ ကိုလှဖုန်းအား ဆက်သွယ်ရေး ဥပဒေ ၆၆/ဃ၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅/ခ၊ နိုင်ငံတော် အလံအက်ဥပဒေ ပုဒ်မ ၁၆ တို့ဖြင့် အပြစ်ရှိကြောင်း တွေ့ ရှိခဲ့သည့်အတွက် ထောင်ဒဏ် နှစ်နှစ် ချမှတ်ခဲ့သည်။ ကိုလှဖုန်းသည် လူမှုကွန်ရက်စာမျက်နှာ (Facebook) တွင် ကြက်ဖကြီး အမည်ကို အသုံးပြုကာ စစ်တပ်အား အသရေ ဖျက်သည်ဟု စွပ်စွဲခံခဲ့ရပြီးနောက် တရားစွဲဆိုခံခဲ့ရသည်။ သူသည် Facebook စာမျက်နှာတွင် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် သမ္မတဟောင်း ဦးသိန်းစိန်တို့အား အသရေဖျက်သော ဓာတ်ပုံကို တင်ခဲ့သည်ဟု စွပ်စွဲခံခဲ့ရသည်။ တရားရုံးမှ သူ့အား ချုပ်ရက် ကိုးလကို ထုတ်နုတ်ခံစားခွင့် ပြုခဲ့၍ သူသည် ထောင်တွင်းတွင် တစ်နှစ်နှင့် သုံးလ အကျဉ်းကျခံရဦးမည်ဖြစ်သည်။

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်၊ ဒီဗွီဘီ
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်၊ အီလဲဗင်း
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်၊ မြန်မာတိုင်း

# ထောင်မှလွတ်မြောက်မှုများ

**အသရေဖျက်ခြင်းအတွက် ဖမ်းဆီးခံခဲ့ရသော တက်ကြွလှုပ်ရှားသူတစ်ဦး လွတ်မြောက်**

နိုဝင်ဘာလ ၁၈ ရက်နေ့တွင် လူမှုရေးနှင့် နိုင်ငံရေး တက်ကြွလှုပ်ရှားသူ ကိုရာပြည့် ခေါ် ကိုမျိုးသူဝင်းသည် ဆက်သွယ်ရေး ဥပဒေ ၆၆/ဃ ဖြင့် အပြစ်ရှိကြောင်း တွေ့ရှိခဲ့၍ ထောင်ဒဏ် ခြောက်လ ချမှတ်ခြင်းခံခဲ့ရသည်။ သို့သော်လည်း တရားရုံးမှ ချုပ်ရက်များကိုပါ ထုတ်နှုတ်ခံစားစေ၍ ထိုနေ့ နံနက်တွင်ပင် သူသည် ထောင်မှ ပြန်လည် လွတ်မြောက်ခဲ့သည်။ ကိုရာပြည့်မှ သူ့အား အသရေဖျက်ရန် ကြိုးပမ်းသည့် အနေဖြင့် သူ၏ လူမှု ကွန်ရက် စာမျက်နှာအား အတုပြုခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

ကိုရာပြည့်သည် သူ၏ လူမှုကွန်ရက် စာမျက်နှာ (Facebook) တွင် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား အသရေဖျက် သည်ဟု စွပ်စွဲခံခဲ့ရပြီး မေလ ၂၂ ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရကာ ဆက်သွယ်ရေး ဥပဒေ ၆၆/ဃ ဖြင့် တရားစွဲဆိုခံခဲ့ရသည်။

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်၊ ဒီဗွီဘီ
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်၊ 7 Day Daily/မြန်မာ

**စစ်ကိုင်း အလုပ်သမားအခွင့်အရေးဆန္ဒပြသူများ ပြန်လည် လွတ်မြောက်**

နေပြည်တော်သို့ ချီတက်မည့် အလုပ်သမားသပိတ်အား ရပ်တန့်ရန် အာဏာပိုင်များ၏ ညွှန်ကြားချက်ကို ဆန့်ကျင်ခဲ့ပြီးနောက် အလုပ်သမား အခွင့်အရေးအတွက် တောင်းဆို ဆန္ဒပြခဲ့ကြသော အလုပ်သမား ၇၁ ဦးသည် မေလ ၁၈ ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရပြီး ၅၁ ဦး ထိန်းသိမ်းခံခဲ့ရသည်။ ထို ၅၁ ဦးထဲမှ ၃၆ ဦးသည် မေလ ၃၀ ရက်နေ့တွင် ပြန်လည် လွတ်ေြမာက်ခဲ့ပြီး ကျန်သည့် ၁၅ ဦးသည် ဆက်လက် ထိန်းသိမ်းခံခဲ့ရသည်။ ထို ၁၅ ဦးထဲမှ အမျိုးသမီး သုံးဦးသည် ကနဦး တွင် တရားမဝင် စုဝေးမှု၊ ရာဇသတ်ကြီးပုဒ်မ ၁၄၃၊ ၁၄၅၊ ၁၄၇၊ နိုင်ငံတော် အကြည်အညိုပျက်စေမှု၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅/ခ တို့ ဖြင့်တရားစွဲဆိုခံခဲ့ရသည်။ သို့သော်လည်း နော က်ပိုင်းတွင် တရားရုံးမှ ၎င်းတို့ သုံးဦးအားစွဲဆိုထားသည့် နိုင်ငံတော် အကြည်အညို ပျက်စေမှု စွဲချက်အား ရုပ်သိမ်းပေးခဲ့သည်။ ထို့ကြောင့် ၎င်းတို့သည် ထောင်ဒဏ် နှစ်လစီ အသီးသီး ကျခံခဲ့ရသည်။ အမျိုးသား ၁၂ ဦးသည် တရားမဝင် စုဝေးခြင်းအတွက် ရာဇသတ်ကြီးပုဒ်မ ၁၄၃၊ ၁၄၅၊ နိုင်ငံတော် အကြည်အညိုပျက်စေမှု၊ ရာဇသတ်ကြီး ပုဒ်မ ၅၀၅/ခ တို့ဖြင့် တရားစွဲ ဆိုခံခဲ့ရသည်။ အောက်တိုဘာလ ၂၄ ရက်နေ့တွင် နေပြည်တော်၊ တပ်ကုန်းမြို့နယ်တရားရုံးမှ ၎င်းတို့အား ထောင်ဒဏ် ငါးလစီ ပြစ်ဒဏ် ချမှတ်ခဲ့သည်။ ၎င်းတို့သည် တရားမဝင် စုဝေးမှု စွဲချက်များအတွက် ထောင်ဒဏ် နှစ်လ ကျခံခဲ့ရပြီး နိုင်ငံတော် အကြည်အညို ပျက်စေမှု အတွက် ထောင်ဒဏ် သုံးလ ကျခံခဲ့ရသည်။ ချုပ်ရက်များကိုပါ ထုတ်နှုတ်ခံစားစေသောကြောင့် နို ဝင်ဘာလ ၁၂ ရက်နေ့တွင် ၎င်းတို့ ပြန်လည် လွတ်မြောက်လာခဲ့သည်။ ၎င်းတို့သည် ယခင်က အလုပ်လုပ်ခဲ့သော Myanmar Venner သစ်အချော ထည်စက်ရုံတွင် ပြန်လည် အလုပ်လုပ်ခွင့် ရရှိရန် ယခုလက်ရှိတွင် ဆန္ဒပြ တောင်းဆို လျက်ရှိသည်။ ဆန္ဒပြအလုပ်သမား ၁၆၂ ဦးတို့သည် အလုပ်မှ ရပ်ဆိုင်းခြင်း ခံခဲ့ရပြီးကတည်းမှ ၎င်းတို့၏ နေရာတွင် ကုမ္ပဏီမှ နို င်ငံခြားသား အလုပ်သမားများကို ငှားရမ်းခဲ့သည်။

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်၊ မြန်မာတိုင်း

# ထောင်တွင်းအခြေအနေများ

## ထောင်တွင်းတွင် လိင်ပြောင်းလဲထားသူများအား ပစ်မှတ်ထားကာ အကြမ်းဖက်

လိင်ပြောင်းလဲထားသူများ (LGBTI) သည် ဖိနှိပ်ထားသော ဥပဒေများနှင့် ခေတ်မမီတော့သော ဥပဒေများဖြင့် ဆ က်လက် အကြမ်းဖက်၊ ခြိမ်းခြောက်ခံရလျက်ရှိသည်။ လိင်ပြောင်းလဲထားသော အမျိုးသမီး မချောစုခင်သည် ရန်ကုန်မြို့၌ မှောင်ရိပ်ခိုမှုဖြင့် တစ်နှစ်အတွင်း သုံးကြိမ် ဖမ်းဆီးခံခဲ့ရသည်။ ထိုမှောင်ရိပ်ခိုမှုသည် နေထွက်ချိန်နှင့် နေဝင်ချိန်များတွင် မသင်္ကာဖွယ်ရာ တွေ့ရှိခဲ့ပါက ရဲများမှ မည်သူ့ကို မဆို ဖမ်းဆီး ခွင့်ရှိပြီး ရဲအချုပ်သို့ ခေါ်ဆောင်ခွင့်ရှိကာ သုံးလအထိ ထောင်ဒဏ်ချမှတ်ခွင့်ရှိသည်။ ထိန်းသိမ်းခံထားရစဉ်တွင်း မချောစုခင်၏ အဝတ်များကို ချွတ်ခဲ့ပြီး ၎င်း၏ ဆံပင်ရှည်များကို ညှပ်ခဲ့ကာ မီးရှို့ခဲ့သည်။ ထို့ပြင် အစောင့်များ မှ ခြိမ်းခြောက်ကာ သူမအား တစ်ခြားအကျဉ်းသားများဖြင့် လိင်ဆက်ဆံမှု ပြုလုပ်ရန် ဖိအားပေးခဲ့ပြီး ၎င်းတို့၏ ဖုန်းများဖြင့် ထိုအဖြစ်အပျက် အား မှတ်တမ်းတင်ခဲ့ကြသည်။ သူမသည် အမျိုးသား အကျဉ်းထောင်တွင် ထိန်းသိမ်းခံ ခဲ့ရပြီး အစောင့်များကြည့်နေစဉ် အကျဉ်းသားများ၏ မတရားကျင့်ခြင်းကို ခံခဲ့ရသည်။ နောက်တနေ့တွင် သူမလွတ်မြောက်ရန် အတွက် ဒဏ်ငွေ ၁၅ ၀၀၀ ကျပ် ပေးဆောင်ခဲ့ရသည်။ တက်ကြွလှုပ် ရှားသူများမှ ရဲအရာရှိများသည် LGBTI များ အား နှိပ်ကွပ်ရန် ရာဇသတ်ကြီးပုဒ်မ ၃၇၇ အား အသုံးပြုခဲ့ပြီး ထိုပုဒ်မ ၃၇၇ သည် သ ဘာဝအား ဆန့်ကျင်၍ လိင်ဆက်ဆံခြင်းမှ တားမြစ်ထားသည်။

[၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်၊ Reuters]

## မြင်းခြံထောင်တွင် ပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှုများ တွေ့ရှိ

အောက်တိုဘာလတွင်း မွန္တလေး၊ ြ မင်းခြံထောင်၌ အကျဉ်းသားများ ဆန္ဒပြမှုဖြစ်ပွားခဲ့ပြီးနောက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် (MNHRC)မှ မြင်းခြံထောင်အခြေအနေများကို စုံစမ်း၊ စစ်ဆေးမှု ပြုလုပ်ခဲ့သည်။ MNHRC မှ ထောင်တွင်းတွင် ကျန်းမာရေး စောင့်ရှောက်မှု၊ ရုပ်ပိုင်းဆိုင်ရာ အခြေအနေများ ၊ အစားအစာနှင့် ရေ ထောက်ပံ့မှုများနှင့် အကျင့်ပျက်ခြ စားမှုများစသည့် ချိုးဖောက်မှုများ ကို တွေ့ရှိခဲ့သည်။ ထို့ပြင် ဆေးကုသမှု ခံယူနေရသော တီဘီရောဂါ ဝေဒနာရှင်များ၊ ART ကုထုံးခံယူနေရသော HIV ဝေဒနာရှင်များသည် ၎င်းတို့၏ ဆေးကုသမှုကို ခံနိုင်ရည်ရှိရန် လုံလောက်သော အစားအစာများ ရရှိခဲ့ခြင်းမရှိသည်ကို ကော်မရှင်နာများမှ တွေ့ရှိခဲ့ကြသည်။ ၎င်းပြင် ကော်မရှင်နာများသည် အကျဉ်းသား ၆ လးဆယ်ခန့် နေထိုင်ရန် ဆောက်လုပ် ထားသော အကျဉ်းခန်းတွင်းတွင် အကျဉ်းသား ရှစ်ဆယ်ခန့် နေထိုင်လျက်ရှိသည်ကိုလည်း တွေ့ရှိခဲ့ကြသည်။ ထို့ပြင် အကျဉ်းသားများကို လာဘ်ငွေ ပေးရန် တောင်းဆိုမှုများရှိနေပြီး အကျဉ်းသားများသည် ထောင်၏ လုပ်ငန်းလည်ပတ်ရန် စရိတ်များအတွက် ရံပုံငွေရရှိရန် အခွန်အခများပေးရလျက်ရှိသည်။ MNHRC မှ အကျဉ်းသားများ၏ လိုအပ်ချက်များ ပြည့်မီနိုင်ရန် အတွက် နောက်ထပ် ရံပုံငွေရရှိရန် ထောင်အုပ် ချုပ်ရေးပိုင်းအား အစိုးရထံ တောင်းဆို ရန် မှတ်ချက်ပြုခဲ့သည်။

[၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်၊ မြန်မာတိုင်း]

## ရခိုင်အမျိုးသား တက်ကြွလှုပ်ရှားသူတစ်ဦး တရားစွဲဆိုထား‌ေ သာ အ မှုအား အယူခံဝင်

သဘာဝ ပတ်ဝန်းကျင်အရေး တက်ကြွလှုပ်ရှားသူနှင့် ရခိုင်ပြည် လွတ်မြောက်ရေးပါတီ (ALP) ၏ ပြောရေးဆိုခွင့်ရှိသူ ကိုခိုင်မျိုးထွန်းသည် သူ့အား စွဲဆိုထားသော နိုင်ငံတော် အကြည်အညိုပျက်စေမှုနှင့် သွေးထိုးလှုံ့ဆော်မှုစွဲချက်များအတွက် အယူခံဝင်ခဲ့သည်။ ကိုခိုင်မျိုးထွန်းသည် တပ်မတော်မှ ဒေသခံများ အား အဓမ္မ လုပ်အားပေး ခိုင်းစေခဲ့ပြီး နှိပ်စက်ညှဉ်းပန်းခဲ့ကြောင်း ကြေငြာချက် ထုတ်ပြန်ခဲ့ပြီးနောက် ‌ေမလတွင်းတွင် ရခိုင်ပြည်နယ် အခြေစိုက် ဒကစ စစ်တွေမှ စစ်ဦးစီး ပထမတန်း ဒုတိယ ဗိုလ်မှူးကြီး တင်နိုင်ထွန်းက သူ့အား စစ်တွေမြို့နယ်တရားရုံး၌ တရားစွဲ ဆိုခဲ့ခြင်းဖြစ်သည်။ ဇူလိုင်လ ၂၅ ရက်နေ့ တွင် သူသည် ဖမ်းဆီးခံခဲ့ရပြီး တရားရင်ဆိုင်ရဆဲ ဖြစ်သည်။

ကိုခိုင်မျိုးထွန်း၏ ဥပဒေအကျိုးဆောင်ဖြစ်သူမှ ကျင့်ထုံးဆိုင်ရာ ချို့ယွင်းမှုများ ရှိသည့်အတွက် စွဲချက်များအား ရုတ်သိမ်းသင့်သည်ဟု ပန်ကြားခဲ့သည့်ပြင် တနိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးစာချုပ် (NCA) အား ချိုးဖောက်မှုအတွက်လည်း စွဲချက်များအား ရုတ်သိမ်းသင့်သည်ဟုလ ည်း ပန်ကြားခဲ့သည်။ NCA တွင် တပ်မတော်နှင့် ALP အပါအဝင် အပစ်အခတ် ရပ်စဲရေး စာချုပ်အား လက်မှတ်ရေးထိုးထားသော ပါတီများကြား အငြင်းပွားမှုများကို ဖြေရှင်း ရန်အတွက်နှင့် ညှဉ်းပန်းနှိပ်စက်မှုနှင့် အဓမ္မပေါ်တာဆွဲခြင်းကဲ့သို့သော လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးရန်အတွက် လုပ်ထုံးလုပ် နည်းများ ပါဝင်သည်။ ကိုခိုင်မျိုးထွန်းအပေါ် ပြုမှုဆက်ဆံမှုများနှင့် ပတ်သက်၍ ALP မှ NCA က နှုတ်ထွက်မည်ဟု ခြိမ်းခြောက်ခဲ့သည်။

[၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်၊ ဧရာဝတီ]

# နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ

### NLD ၏ မြို့နယ် လူငယ်လုပ်ငန်းအဖွဲ့ဝင် တစ်ဦးအား ပုဒ်မ ၆၆/ဃ ဖြင့် တရားစွဲဆို

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့၊ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ၏ မြို့နယ် လူငယ် လုပ်ငန်းအဖွဲ့၊လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးမှူး ကိုဝေယံကောင်းအား ဆက်သွယ်ရေး ဥပဒေ ပုဒ်မ၆၆/ဃ ဖြင့် မတ်လ ၁၁ ရက်နေ့တွင် ကသာမြို့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုမင်းမင်းက အမှုဖွင့် တိုင်ကြားခဲ့သည်။ အောက်တိုဘာလ ၁၁ ရက်နေ့တွင် ကိုဝေယံကောင်းသည် ဖမ်းဆီးခံခဲ့ရသည်။ ကိုမင်းမင်းမှ ပြည်သူမှ ရွေးကောက် တင် မြှောက်ထားသော လွှတ်တော် ကိုယ်စားလှယ်များနှင့် ဝန်ကြီးချုပ်အား ကိုဝေယံကောင်းက စော်ကားခဲ့ပြီး စစ်ကိုင်းတိုင်း ဝန်ကြီးချုပ် ကိုပါ စော်ကားခဲ့၍ ယခုကဲ့သို့ တရားစွဲဆိုရခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ကသာမြို့နယ် တရားရုံး၌ ကိုဝေယံကောင်းအား ရုံးထုတ်စစ်ဆေးခဲ့သည်။ နိုဝင်ဘာ လ ၂၅ ရက်နေ့တွင် သူသည် ထပ်မံ၍ ရုံးချိန်း တက်ရောက် ရမည်ဖြစ်သည်။

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်၊ အီလဲဗင်း

### ဆက်သွယ်ရေးဥပဒေဖြင့် အမှုစစ်ဆေးနေခြင်းအား အကန့်အသတ်မရှိ ရွှေ့ဆိုင်း

ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆/ဃ အား ချိုးဖောက်ခြင်းအတွက် တရားစွဲဆိုခံထားရသော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ အမှုဆောင် အဖွဲ့ဝင်တစ်ဦးဖြစ်သူ ကိုမျိုးချစ်၏ ရုံးချိန်းအား သက်သေအထောက်အထား ပျောက်ဆုံးသွားခဲ့ခြင်းအတွက် ရွှေ့ဆိုင်းခဲ့သည်။ ကိုမျိုးချစ်သည် နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတ ဦးထင်ကျော်တို့အား ဆဲဆိုထားသည့် အသံဖိုင်အား သူ၏ ဖုန်းတွင် သိမ်းဆည်းကာ အသံချဲ့စက်ဖြင့် အကြိမ်ကြိမ် ဖွင့်ခဲ့သောကြောင့် တရားစွဲဆိုခံခဲ့ရခြင်းဖြစ် သည်။

အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်မှ ကိုကျော်ကျော်ဥာဏ်ဝင်းက ကိုမျိုးချစ်အား တရားစွဲဆိုခဲ့သည်။ မြို့နယ်ရဲများမှ ထိုဖုန်းအား သိမ်းဆည်းခဲ့စဉ်က ထိုအသံ ဖိုင်အား ဖုန်းထဲတွင် သိမ်းဆည်းထားခဲ့သော်လည်း ထိုဖုန်းသည် စစ်ဆေးမေးမြန်းသူများထံသို့ ရောက်သွားသောအခါ အသံဖိုင်သည် ဖုန်းထဲတွင် မတွေ့ရှိတော့ပါ။ ပဲခူးတိုင်း ဝန်ကြီးချုပ်မှ ရဲမှူး၏ သက်သေအထောက်အထား ကိုယ်တွယ်ပုံနှင့် ပတ်သက်၍ စတင်စစ်ဆေးခဲ့သည်။

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်၊ ဒီဗွီဘီ

### ဆက်သွယ်ရေး ဥပဒေ ပြင်ဆင်ရေး လှုပ်ရှားမှုတားမြစ်ခံရ

နိုဝင်ဘာလ ၃ ရက်နေ့တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်တရားရုံး၌ ပြုလုပ်ခဲ့သည့် ဆက်သွယ်ရေး ဥပဒေ ပြင်ဆင်ရေး လှုပ်ရှားမှုအား ဇမ္ဗူသီရိမြို့နယ် ရဲတပ်ဖွဲ့မှ တားဆီးခဲ့သည်။ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆/ဃ ဖြင့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်တရားရုံးတွင် တရား စွဲဆိုခံထားရသော မုံရွာမြို့ အမျိုးသား ဒီမိုကရေ စီအဖွဲ့ချုပ် ပါတီဝင် ကိုအောင်မြင့်ထွန်း (ခ) ကိုဖိုးထောင်၏ ရုံးချိန်းတွင် တက်ကြွ လှုပ်ရှားသူများမှ ဆက်သွယ်ရေး ဥပဒေပြင်ဆင်ရေး အတွက် လက်ကမ်းစာစောင်များ ဝေငှခဲ့ကြသည်။ ဇမ္ဗူသီရိမြို့နယ် ရဲတပ်ဖွဲ့မှ တက်ကြွလှုပ်ရှားသူများအား နေပြည်တော်ကောင်စီရုံးအတွင်းရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးသို့ ခေါ်ဆောင်သွားခဲ့ပြီး ထိုလှုပ်ရှားမှုအား ဆက်လက် ပြုလုပ်ခွင့်မပြုပါ ဟု ပြောကြားခဲ့သည်။ ထို့ပြင် လက် ကမ်းစာစောင်များ ဆက်လက် ဝေငှလျှင် ပုံနှိပ်ထုတ်ဝေရေး ဥပဒေဖြင့် တရားစွဲဆိုမည်ဖြစ်ပြီး တူညီဝတ်စုံဝတ်လျှ င် ပုဒ်မ ၁၈ ဖြင့် တရားစွဲဆိုမည်ဟု ခြိမ်းခြောက်ခဲ့သည်။

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်၊ အီလဲဗင်း
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်၊ မြန်မာတိုင်း

### ရွာသူကြီးအား လာဘ်ယူသည်ဟု လူမှုကွန်ရက် စာမျက်နှာ၌ ဖော်ပြခဲ့ပြီးနောက် အသရေဖျက်မှုအတွက် အမျိုးသားတစ်ဦး တရားစွဲဆိုခံရ

စစ်ကိုင်းတိုင်း၊ ပန်ဂစီရွာရှိ ရွာသူကြီး ဦးနေဝင်းစိုးအား လူမှုကွန်ရက် စာမျက်နှာ (Facebook) တွင် အသရေ ဖျက်သည်ဟု စွပ်စွဲခံခဲ့ရပြီးနောက် အောက်တိုဘာလ ၂၇ ရက် နေ့တွင် ပန်ဂစီရွာသားဖြစ်သူ ကိုတင်ပိုသည် ဖမ်းဆီး၊ ထိန်းသိမ်းခံခဲ့ရပြီး အာမခံ မရရှိခဲ့ပါ။ သူသည် ရွာသူကြီး ဦးနေဝင်းစိုး အား မြတ်နိုးသူ ကုမ္ပဏီထံမှ ငွေကျပ် ငါးသိန်း တရားဝင် ယူခဲ့သည်ဟု စွပ်စွဲခဲ့သောကြောင့် နိုဝင်ဘာလ ၂ ရက်နေ့ တွင် ဆက်သွယ်ရေး ဥပဒေ ၆၆/ဃ ဖြင့် တရားစွဲဆိုခံခဲ့ရသည်။ ဦးနေဝင်းစိုးမှ ကိုတင်ပိုသည် ရွာတွင် နေထိုင်သူများ စည်း လုံးမှု ပျက်ပြားစေရန် ရည်ရွယ်ခဲ့သည်ဟု ပြောကြားခဲ့သည်။ ထို့ပြင် ကိုတင်ပို သည် တစ်အိမ်ပြီး တစ်အိမ်သို့ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်၊ ကိုတင်ပိုသည် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးကို လျော့ပါးအောင် ပြုလုပ်သည်ဟု ပြောကြားခဲ့သည်။ လူမှုကွန်ရက် စာမျက်နှာတွင်လည်း ၎င်းမှ မြတ်နိုးသူ ကုမ္ပဏီထံမှ ငွေကျပ် ငါးသိန်းယူခဲ့သည်ဟု ရေးသား ခဲ့သည်။ ကိုတင်ပိုသည် ၎င်း၏ ဂုဏ်သိက္ခာအား ညှိုးနွမ်းအောင် ပြုလုပ်ခဲ့သည်။ ကိုတင်ပိုမှ သူ၏ အမှားအား ေ တာင်းပန်ခဲ့လျှင် ၎င်းမှ သူ့အား ခွင့်လွှတ်မည်ဟု ပြောကြားခဲ့ သည်။

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်၊ အီလဲဗင်း

# ဥပဒေပြုရေးနှင့် မူဝါဒရေးဆိုင်ရာ တိုးတက်မှုများ

**ဧည့်စာရင်းတိုင်ကြားရန် မလိုတော့သည့် ရပ်ကွက် (သို့မဟုတ်) ကျေးရွာ အုပ်ချုပ်ရေး ဥပဒေကြမ်းအား အတည်ပြု**

လွှတ်တော်နှစ်ရပ်တွင် သဘောထားကွဲလွဲလျက်ရှိသည့် ညအိပ်ဧည့်သည်များလာရောက်လျှင် အာဏာပိုင်များအား အသိပေး ရန် လိုအပ်သည့် ရပ်ကွက် (သို့မဟုတ်) ကျေးရွာ အုပ်ချုပ်ရေး ဥပဒေကြမ်း ပုဒ်မ ၁၃/ဆ အား နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ပြည်ထောင်စု လွှတ်တော်က အတည်ပြုခဲ့သည်။ ဩဂုတ်လတွင် ပြည်သူ့ လွှတ်တော်၌ ထိုဥပဒေကြမ်းအား ဖျက်သိမ်းခဲ့ပြီး စက်တင်ဘာလတွင် အမျိုးသားလွှတ်တော်၌ ဖျက်သိမ်းခဲ့ သည်။ စစ်အစိုးရလက်ထက်တွင် တက်ကြွလှုပ်ရှားသူများနှင့် အတိုက်အခံ နိုင်ငံရေးသမားများကို ဖိနှိပ်ရန် အသုံးပြုနေသည့် ထိုဥပဒေအား ဝေဖန်မှုများလည်း တချိန်တည်းလိုပင် တိုးလာခဲ့သည်။ ထိုဥပဒေကြမ်း အား လများစွာကြာ ဆွေးနွေးခဲ့ကြပြီး ပြိုင်ဘက်များမှ နိုင်ငံတော် လုံခြုံရေးအတွက် မရှိမဖြစ် လိုအပ်သည်ဟု ဆိုကာ ကန့်ကွက်ခဲ့ကြသည်။ ထိုဥပဒေကြမ်းအား တရားဝင် ရုပ်သိမ်းခဲ့ပြီး ဖြစ်သော်လည်း ထိုဥပဒေကြမ်းတွင် တစ်လနှင့် အထက် ကျော်လွန်နေထိုင်သူများက သက်ဆိုင်ရာ ရာအိမ်မှူးများထံ သတင်းပေးပို့ရမည့်အချက် ပါဝင်သည်။

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်၊ မြန်မာတိုင်း
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်၊ မြန်မာတိုင်း/မြန်မာ

# လူ့အခွင့်အရေးနှင့်ဆိုင်သော ဆက်စပ်သတင်းများ

**သတင်းထောက် အလုပ်ထုတ်ခံရခြင်းအတွက် သတင်းလွတ်လပ်ခွင့်နှင့် ပတ်သက်၍ စိုးရိမ်မကင်းဖြစ်**

မြန်မာတိုင်း သတင်းစာ၏ အထူးသတင်း စုံစမ်းရေးသားသည့် သတင်းထောက်တစ်ဦးဖြစ်သူ ဖိုင်အိုနာ မက်ဂရက်ဂါအား မြန်မာတိုင်းမှ ထုတ်ပယ်ခဲ့ပြီး နောက် မြန်မာနိုင်ငံတွင်း သတင်း လွတ်လပ်ခွင့်န င့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်တို့သည် ခြိမ်းခြောက် မှုအောက်တွင် ဆက်လက် ရှိနေဆဲဖြစ် သည်။ အောက်တိုဘာလ ၂၇ ရက်နေ့တွင် သူမရေးသားခဲ့သော ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်ရှိ၊ ရွှေကြာရွာ၌ လုံခြုံရေးတပ်ဖွဲ့များမှ ဒါဇင်နှင့်ချီသော အမျိုးသမီး များကို မုဒိမ်းကျင့်ခဲ့သည်ဟူသည့် စွပ်စွဲရေးသားခဲ့သော သတင်းကို အစိုးရမှ ဝေဖန်ခဲ့ပြီး နောက် သူမ ထုတ်ပယ်ခံခဲ့ရခြင်း ဖြစ်သည်။ သူမ၏ ဆောင်းပါးနှင့် ပတ်သက်၍ သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးမှ သူ၏ လူမှု ကွန်ရက်စာမျက်နှာ၌ ဝေဖန်ရေးသားခဲ့မှုကို လူထုများမှ ဝေဖန်ခဲ့မှုနှင့် ပြန်ကြားရေး ဝန်ကြီးဌာန၏ တိုင်ကြားစာ ရရှိခဲ့ပြီးနောက် သူမ အလုပ် မှ ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။

ဦးဇော်ဌေး၏ လူမှုကွန်ရက် စာမျက်နှာ၌ သမ္မတရုံးသို့ တိုက်ရိုက် ဆက်သွယ်ရမည့်အစား သူမ၏ သတင်းသည် တစ်ခြား စာနယ်ဇင်းများ မှ သတင်းများကို ယူခဲ့ခြင်းဖြစ်သည်ဟု ဝေဖန်ခဲ့သည်။ သို့သော်လည်း ဖိုင်အိုနာ မက်ဂရက်ဂါ မှ သူမ၏ ဆောင်းပါးအား ထု တ်ဝေခြင်းမပြုမီ မှတ်ချက်ပြုရန်အတွက် ဦးဇော်ဌေးအား ဆက်သွယ်ရန် ကြိုးပမ်းခဲ့သော်လည်း တုံ့ပြန်ခြင်းမရှိခဲ့ပါဟု ပြောကြားခဲ့သည်။ ဦးဇော်ဌေးမှ စွပ်စွဲ ချက်များကို ငြင်းဆိုခဲ့ပြီး အကြမ်းဖက် သမားများ ပုန်းအောင်းနေသော အိမ်ခြေ ၈၀၀ ရှိသော ရွာကြီးတွင် မုဒိမ်းမှု ကျူးလွန်သည်ဆိုသည်မှာ ကျိုးကြောင်း ဆီလျော်မှုမရှိပါဟု ပြောကြားခဲ့သည်။ မက်ဂရက်ဂါကဲ့သို့ တခြား သတင်းထောက်များလည်း ထိုကဲ့သို့ စွပ်စွဲမှုများပြုလုပ်ခြင်း သည် အစိုးရနှင့် ၎င်း၏ လုံခြုံရေးတပ်ဖွဲ့များကို နံမည်ပျက်အောင် (ဂုဏ် သိက္ခာညှိုးနွမ်းအောင်) လုပ်ကြံခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

ပြန်ကြားရေး ဝန်ကြီးဌာနမှ ထိုအဖြစ်အပျက်များနှင့် ရခိုင်ပြည်နယ်တွင်း စစ်တပ်၏ လုပ်ရှားမှုများကို ရေးသားဖော်ပြရန်အတွက် တရားဝင် ညွှန်ကြားချက်များ မထုတ်ရသေးပါ။ သတင်းထောက်နှင့် မီဒီယာများ စွာတို့မှ မက်ဂရက်ဂါ ထုတ်ပယ်ခံရခြင်းနှင့် ပတ်သက်၍ ၎င်းတို့၏ စိုးရိမ်မှုများကို ဖော်ပြခဲ့ကြသည်။ ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ပုံနှိပ်ထုတ်ဝေခြင်း မပြုမီ ဆင်ဆာပြုလုပ်ခြင်း အဆုံးသတ်ခဲ့သော်လည်း မက်ဂရက်ဂါ ထုတ်ပယ်ခံရခြင်းသည် သတင်း လွတ်လပ် ခွင့်နှင့် ထုတ်ဝေခွင့်၊ အခြေခံ ကျသော လူ့အခွင့်အရေး ဖြစ်သည့် လူ့အခွင့် အရေး ကြေငြာစာတမ်း ပုဒ်မ ၁၉ တို့အပေါ် တိုက်ခိုက်ခြင်းဖြစ် သည်ဟု ညွှန်းဆိုပြနေသည်။

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်၊ Frontier Myanmar
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်၊ နိရဉ္စရာ/မြန်မာ

# နိဂုံးချုပ်နှင့်သုံးသပ်ချက်

မြန်မာနိုင်ငံ၏ ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသော အရပ်သားအစိုးရ၏ ရွေးကောက်ပွဲသက်တမ်းသည် တစ်နှစ်ပြည့်ခဲ့ပြီဖြစ်သည်။ သို့သော်လည်းနိုင်ငံတွင်း နိုင်ငံရေးအခြေအနေများသည် တည်ငြိမ်ခြင်းမရှိသေးပဲ ဖိအားများအောက်တွင် ရှိနေဆဲဖြစ်သည်။ စက်တင်ဘာလ အစောပိုင်းတွင် အစိုးရသစ်သည် ငြိမ်းချမ်းရေးအတွက် ခြေလှမ်းတစ်ရပ်ဖြစ်သည့် ၂၁ရာစု ပင်လုံညီလာခံအား ကျင်းပနိုင်ခဲ့သော်လည်း ပြည်တွင်းစစ်သည် လျော့ကျသွားခြင်းမရှိပဲ ပို၍ပြင်းထန် လာသည်ကို တွေ့မြင်နိုင်သည်။ စစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြား တိုက်ပွဲများ ဖြစ်ပွားနေခြင်းကြောင့် အရပ်သားများသည် အိုးအိမ်စွန့်ခွာထွက်ပြေးနေကြရပြီး ဖမ်းဆီး၊ထိန်းသိမ်းခံနေကြရသည့်ပြင် လူ့အခွင့်အရေး ချိုးဖောက်ခံနေကြရသည်။ ထိုဖြစ်ရပ်များ ဆက်လက်ဖြစ်ပွားနေခြင်းသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အား ထိခိုက်စေပြီး အမျိုးသားပြန်လည် သင့်မြတ်ရေး ရရှိရန် ကြိုးပမ်းမှုအားလည်း ထိခိုက်စေသည်။

အစိုးရသစ်လက်ထက်တွင်လည်း နိုင်ငံရေးလှုပ်ရှားသူများ၊ အလုပ်သမားအခွင့်အရေး လှုပ်ရှားသူများ၊လယ်သမားများ နှင့် မီဒီယာသမားများသည် ၎င်းတို့အား နိုင်ငံရေးလှုပ်ရှားမှုများမှ ရပ်တန့်သွားစေရန် ရေးဆွဲ၊ပြဋ္ဌာန်းထားသော ခေတ်မမီတော့သည့်၊ ဖိနှိပ်ထားသည့် ဥပဒေများဖြင့်ပင် ဆက်လက် ဖမ်းဆီး၊တရားစွဲဆို၊ထောင်ဒဏ် ချမှတ်ခံနေရဆဲဖြစ်သည်။ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်၊ ဆက်သွယ်ရေး ဥပဒေ၊ ရာဇသတ်ကြီး ပုဒ်မများနှင့် မတရားအသင်း အက်ဥပဒေများသည် ထိုဥပဒေများထဲတွင် ပါဝင်သ ည်။ ထို့ကြောင့် နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှ အစိုးရအား အမျိုးသားပြန်လည်သင့်မြတ်ရေး မျှော်မှန်းချက်များ တိုးတက်ရန်အတွက် နိုင်ငံတကာ စံချိန်၊ စံညွှန်း များနှင့်အညီ ထိုဥပဒေများအား ပြင် ဆင်ပါရန် သို့မဟုတ် ဖျက်သိမ်းပါရန် တိုက်တွန်းပါသည်။

ယခုလတွင် နိုင်ငံရေးအကျဉ်းသား ၁၉၅ဦးရှိပြီး ယခင်လမှ နိုင်ငံရေးအကျဉ်းသား ၂၀၆ ဦးနှင့် နှိုင်းယှဉ်လျှင် အနည်းငယ်သာ လျော့ကျသွားသည်ကို တွေ့မြင်နိုင်သည်။ ထိုနိုင်ငံရေးအကျဉ်းသားများထဲမှ အများစုသည် လယ်သမားများနှင့်တိုင်းရင်းသားများဖြစ်ကြသည်။ ထို့ကြောင့် AAPP မှ အကြိမ်ကြိမ် တောင်းဆိုလျက်ရှိသည့် နိုင်ငံရေးအကျဉ်းသားအရေးကိုဖြေရှင်းရန် အစိုးရမှတိုင်းရင်းသားများ၊ လယ်သမားများအပါအဝင် တရားဝင်နိုင်ငံရေး အကျဉ်းသား အဓိပ္ပါယ်ဖွင့်ဆိုချက်ကို သတ်မှတ်ပေးရန်လိုအပ်ပါသည်။ နိုင်ငံရေး အကျဉ်းသားများအား ဆက်လက် ထောင်ဒဏ်ချမှတ်ေ နခြင်းသည် NLD အစိုးရလက်ထက်တွင် နိုင်ငံရေးဆိုင်ရာ ယုံကြည်မှုများကို ထုတ်ဖော်ခြင်းအတွက် နိုင်ငံသားများ ဆက်လက် ဖိနှိပ်ခံထားရဆဲဖြစ်ကြောင်း ပြသနေသည်။ နိုင်ငံရေးအကျဉ်းသားအဓိပ္ပါယ်ဖွင့်ဆိုသတ်မှတ်နိုင်ရန်အတွက်နိုင်ငံရေးအကျဉ်းသားအဖြစ် တရားဝင် အသိအမှတ်ပြုမှုရရှိရေးနှင့် နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိလွှတ်ပေးရေးသည် ဒီမိုကရေစီ ဖော်ပြချက်ရရှိရန်အတွက် အခြေခံကျသောအချက်ဖြစ်သည်။

ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်အက်ဥပဒေဖြင့် တက်ကြွလှုပ်ရှားသူများကို ငြိမ်းချမ်းစွာ ဆန္ဒပြမှုများမှ တားမြစ်ထားဆဲဖြစ်သည်။ တကိုယ်တော်ဆန္ဒပြသူ ဦးခင်ဝင်းသည် ခွင့်ပြုချက်မရှိပဲ ဆန္ဒပြခဲ့ခြင်းအတွက် ငြိမ်း၊စု၊စီပုဒ်မ ၁၉ ဖြင့် ဖမ်းဆီးခံခဲ့ရသည်။ ထိုအခြင်းအရာသည် အာဏာပိုင်များမှ နိုင်ငံရေးဆိုင်ရာကွဲလွဲမှုများအား ဖိနှိပ်ရန် ထိုဥပဒေကို အသုံးပြုလျက်ရှိသည့် ဥပမာတစ်ခုဖြစ်သည်။ ထို့ကြောင့် ထိုဥပဒေအား လက်နက်သဖွယ် အသုံးပြုနေခြင်းကို ရပ်တန့်ရန်နှင့် နိုင်ငံတကာ စံချိန်၊ စံညွှန်းများအတိုင်း လိုက်နာကျင့်သုံးပါရန် တိုက်တွန်းပါသည်။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် အက်ဥပဒေဖြင့် ဆက်လက် ဖမ်းဆီးနေခြင်းသည် သမ္မတဟောင်း ဦးသိန်းစိန် အစိုးရလက်ထက် ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်တွင် ဖမ်းဆီးမှုများနှင့် အလားတူလျက်ရှိသည်။ တမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတန်း (UDHR) ပုဒ်မ ၂၀(၁) တွင် လူတိုင်း ငြိ မ်းချမ်းစွာ စုဝေးခွင့်နှင့် အသင်းအဖွဲ့ဖွဲ့ပိုင်ခွင့်ရှိသည်ဟု ဖော်ပြထားသည်။ ထို့ကြောင့် AAPP မှ အစိုးရအား ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ပုဒ်မ ၁၈ နှင့် ၁၉ တို့ အား ပြင်ဆင် ဖြည့်စွက်ခြင်းဖြင့် UDHR လေးစား လိုက်နာရန်သာမက ထိုဥပဒေဖြင့် မတရား အကျဉ်းကျခံနေရသူအားလုံးနှင့် ဦးခင်ဝင်းတို့အား ခြွင်းချက်မရှိ၊ အမြန်ဆုံး လွှတ်ပေးရန် တိုက်တွန်းပါသည်။

ယခုလတွင်လည်း စာနယ်ဇင်းလွတ်လပ်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်တို့အား ဆက်လက် ကန့်သတ်ထားဆဲဖြစ်သည်။ မြန်မာတိုင်းသတင်းစာ၏ အထူးသတင်း စုံစမ်းရေးသားသည် ့ သတင်းထောက်တစ်ဦးဖြစ်သူ ဖိုင်အိုနာ မက်ဂရက်ဂါအား မြန်မာတိုင်းမှ ထုတ်ပယ်ခဲ့ခြင်းသည် မီဒီယာလောကတွင် အလုပ်လုပ်နေသူများ သည် စိန်ခေါ်မှုများနှင့် မသေချာမှု များရင်ဆိုင်နေရသည်ကို ပြသနေပြီး အစိုးရအနေဖြင့် မီဒီယာ ဥပဒေအား ဒီမိုကရေစီ စံချိန်၊ စံညွှန်း များအတိုင်း ပြန် လည် သုံးသပ်ရန် လိုအပ်သည်ဟု တိုက်တွန်းပါသည်။

အသရေဖျက်ခြင်းအတွက် နိုင်ငံရေး လှုပ်ရှားသူများအား ဖိနှိပ်ရန်နှင့် ပြစ်ဒဏ်ပေးရန်အတွက် ဆက်သွ ယ်ရေး ဥပဒေအား အစိုးရသစ် လက်ထက် တွင် ကျယ်ပြန့်စွာ ဆက်လက် အသုံးပြုလျက်ရှိသည်။ ထိုဥပဒေကို တက်ကြွလှုပ်ရှားသူများအား ဖိနှိပ်ရန် အသုံးပြုလျက်ရှိသည်သာမက လူမှုကွန်ရက် စာမျက်နှာတွင် အစိုးရ အရာရှိများ သို့မဟုတ် အစိုးရ မူဝါဒများအကြောင်း ဝေဖန်ခြင်း၊ စိန်ခေါ်ခြင်း သို့မဟုတ် ထုတ်ဖော် ပြောဆိုခြင်းအတွက် လည်း တစ်ခြားသူများကို ဖိနှိပ်ရန် အသုံးပြုလျက်ရှိသည်။ ယခုလတွင် ဆက်သွယ်ရေးဥပဒေဖြင့် ၁၃ဦး ဖမ်းဆီး၊ တရားစွဲဆို၊ ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်ကို ကြည့်ခြင်းဖြင့် လွတ်လပ်စွာထုတ်ဖော်ခွင့်နှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများကို ထိုဥပဒေဖြင့် ဆက်လက် ခြိမ်းခြောက်လျက်ရှိသည်ကို ပြသလျက်ရှိသည်။ ထိုဥပဒေ၏ ပုဒ်မ ၆၆/ဃ သည် နိုင်ငံရေးဆိုင်ရာ သဘောထားကွဲလွဲမှုများကို ငြိမ်သက်သွားစေရန် ထင်ရှားသော လက်နက်တစ်ခု အလျင်အမြန် ဖြစ်လာခဲ့သည်။ ရာဇသတ်ကြီး ပုဒ်မ ၅၀၀ တွင် အသရေဖျက်မှုအတွက် ပြစ်ဒဏ်အဖြစ် ထောင်ဒဏ် နှစ်နှစ် သို့မဟုတ် ဒဏ်ငွေ သို့မဟုတ် နှစ်မျိုးစလုံး ချမှတ်နိုင်သည်ဟု ဖော်ပြထားသည်။ ဆက်သွယ်ရေးဥပဒေတွင် ပြစ်ဒဏ်အဖြစ် ထောင်ဒဏ် သုံးနှစ် သို့မဟုတ် ဒဏ်ငွေ သို့မဟုတ် နှစ်မျိုးလုံး ချမှတ်နိုင်သည်ဟု ဖော်ပြထားသည်။ ရာဇသတ်ကြီး ပုဒ်မ ၅၀၀ ရှိပြီးဖြစ်သည့်အတွက် ပုဒ်မ ၆၆(ဃ) သည် မလိုအပ်သည်သာမက ပြစ်ဒဏ်များသည် အလွန်များနေပြီး ထိုပုဒ်မကို ကျူးလွန်ခြင်းအတွက် ပြစ်မှုနှင့် ပြစ်ဒဏ်သည်လည်း မျှတခြင်းမရှိပါ။

AAPP မှ အစိုးရအား လူမှုကွန်ရက်စာမျက်နှာထက်တွင် စော်ကားခြင်းကို အာရုံမစိုက်သင့်ပါဟု မှတ်ချက်ပြုပါသည်။ ဆက်သွယ်ရေး ဥပဒေအား

လွှတ်တော်တွင်းတွင် ဖျက်သိမ်းရန် သို့မဟုတ် ပြင်ဆင်ရန် ချက်ခြင်း ဆွေးနွေးသင့်သည်။ ထိုမျှသာမက နိုင်ငံတော်အနေဖြင့် ဥပဒေများကို ပြည်သူများ သိရှိအောင် ပညာပေးများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ပေးရန်လည်း အရေးကြီးပါသည်။

ညအိပ်ဧည့်သည်များလာရောက်လျှင် အာဏာပိုင်များအား အသိပေးရန်လိုအပ်သည့် ရပ်ကွက် (သို့မဟုတ်) ကျေးရွာ အုပ်ချုပ်ရေး ဥပဒေကြမ်း ပုဒ်မ ၁၃ /ဆ အား ပြန်လည် ပြင်ဆင်ခြင်းအား AAPP မှ ကြိုဆိုသော်လည်း ထို ပြင်ဆင် ဖြည့်စွက်ချက်များသည် ပြည့်စုံခြင်းမရှိပါ။ ထိုပုဒ်မတွင် တစ်လနှင့်အထက် ကျော်လွန်နေထိုင်သူများ သည် သက်ဆိုင်ရာ ရာအိမ်မှူးများထံ သတင်းပေးပို့ရမည့်အချက် ပါဝင်သည်။ ယခုလတွင် ထိုဥပဒေကြမ်း အား ပြင်ဆင်ပြီး ဖြစ်သော်လည်း UDHR နှင့် နိုင်ငံတကာဆိုင်ရာ နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ အခွင့်အရေး ပဋိညာဉ်စာချုပ်ထဲတွင် ပါဝင်သည့် လွှတ်လပ်စွာ လှုပ်ရှားသွားလာခွင့်၊ ပေါင်းသင်းဆက်ဆံခွင့်၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်ခွင့်တို့ကို ဆက်လက်၍ တိုက်ရိုက် ချိုးဖောက်လျက်ရှိသည့် ထိုဥပဒေအား ခြွင်းချက်မရှိ လုံးဝ ဖျက်သိမ်းရန်အတွက် တောင်းဆိုပါသည်။

ယခုလတွင်လည်း တိုက်ပွဲများ ပိုမိုပြင်းထန်စွာဖြစ်ပွားလျက်ရှိပြီး များစွာသော လူ့အခွင့်အရေးချိုးဖောက်မှုများ၊ ပဋိပက္ခများ ဖြစ်ပွားလျက်ရှိသည်။ အကြမ်းဖက်မှုများ၊ ချိုးဖောက်မှုများနှင့် ပြစ်မှုကျူးလွန်သူများ ပြစ်ဒဏ်ခတ်မခံရခြင်းတို့သည် နိုင်ငံတကာစံချိန်၊ စံညွှန်းများအတိုင်း ဥပဒေရေးရာ ပြုပြင်ပြောင်းလဲရန်လိုအပ်လျက်ရှိသည်ကို ပြသလျက်ရှိပြီး အမျိုးမျိုးသော နိုင်ငံတကာဆိုင်ရာ သဘောတူညီမှုစာချုပ်များ၊ ဥပမာအားဖြင့် ညှဉ်းပန်းနှိပ်စက်မှုများကို ဆန့်ကျင်သည့် ကုလသမဂ္ဂသဘောစာချုပ်(UNCAT)နှင့် နောက်ဆက်တွဲ လိုက်နာစောင့်ထိန်းအပ်သည့် လုပ်ထုံး လုပ်နည်း ကျင့်ဝတ် (OPCAT) တို့ကိုလက်မှတ်ထိုးရန်နှင့် အသိအမှတ်ပြုရန်လိုအပ်လျက်ရှိသည်။ထို့ကြောင့် AAPP မှအစိုးရအား ထိုစာချုပ်များကို လက်မှတ်ထိုး ရန် တိုက်တွန်းပါသည်။ ထို့ပြင်နိုင်ငံရေး၊ နိုင်ငံသားနှင့် လူ့အခွင့်အရေးများကို ဆက်လက် ခြိမ်းခြောက်လျက်ရှိသည့် ခေတ်မမီတော့သည့်၊ ဖိနှိပ်ထားသည့် ဥပဒေများကို နိုင်ငံတကာစံချိန်၊စံညွှန်းများနှင့်အညီပြင်ဆင်ဖြည့်စွက်ရန်နှင့် ဖျက်သိမ်းရန်လ ည်း တိုက်တွန်းပါသည်။

# အရေးပါသော ဆက်စပ်သတင်းများ ဖတ်ရန် Links

## နိုဝင်ဘာလ ၃ ရက်

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်အား ဝေဖန်ခြင်းအတွက်NLD အဖွဲ့ဝင်တစ်ဦး ဖမ်းဆီး၊ တရားစွဲဆိုခံရ၊ ဧရာဝတီ/မြန်မာ
တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်အား ဝေဖန်ခြင်းအတွက်NLD အဖွဲ့ဝင်တစ်ဦး ဖမ်းဆီး၊ တရားစွဲဆိုခံရ၊ မဇ္ဈိမ/မြန်မာ
တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်အား ဝေဖန်ခြင်းအတွက်NLD အဖွဲ့ဝင်တစ်ဦး ဖမ်းဆီး၊ တရားစွဲဆိုခံရ၊The Voice/မြန်မာ
တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်အား ဆဖန်ခြင်းအတွက် NLD အဖွဲ့ဝင်တစ်ဦး ဖမ်းဆီး၊ တရားစွဲဆိုခံရ၊ အီလဲဗင်း/မြန်မာ
တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်အား ဝေဖန်ခြင်းအတွက်NLD အဖွဲ့ဝင်တစ်ဦး ဖမ်းဆီး၊ တရားစွဲဆိုခံရ၊ ဧရာဝတီ
တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်အား ဝေဖန်ခြင်းအတွက်NLD အဖွဲ့ဝင်တစ်ဦး ဖမ်းဆီး၊ တရားစွဲဆိုခံရ၊ မဇ္ဈိမ
ရှာသူကြီးအား လာဘ်ယူသည်ဟု လူမှုကွန်ရက် စာမျက်နှာ၌ ဖော်ပြခဲ့ပြီးနောက် အသရေဖျက်မှုအတွက် အမျိုးသားတစ်ဦး တရားစွဲဆိုခံရ၊ အီလဲဗင်း

## နိုဝင်ဘာလ ၄ ရက်

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်အား ဝေဖန်ခြင်းအတွက်NLD အဖွဲ့ဝင်တစ်ဦး ဖမ်းဆီး၊ တရားစွဲဆိုခံရ၊7 Day Daily/မြန်မာ
တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်အား ဝေဖန်ခြင်းအတွက်NLD အဖွဲ့ဝင်တစ်ဦး ဖမ်းဆီး၊ တရားစွဲဆိုခံရ၊မဇ္ဈိမ/မြန်မာ
တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်အား ဝေဖန်ခြင်းအတွက်NLD အဖွဲ့ဝင်တစ်ဦး ဖမ်းဆီး၊ တရားစွဲဆိုခံရ၊ ဒီဗွီဘီ
တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်အား ဝေဖန်ခြင်းအတွက်NLD အဖွဲ့ဝင်တစ်ဦး ဖမ်းဆီး၊ တရားစွဲဆိုခံရ၊ ဧရာဝတီ
တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်အား ဝေဖန်ခြင်းအတွက်NLD အဖွဲ့ဝင်တစ်ဦး ဖမ်းဆီး၊ တရားစွဲဆိုခံရ၊ မြန်မာတိုင်း
ရခိုင်အမျိုးသား တက်ကြွလှုပ်ရှားသူ  တစ်ဦး တရားစွဲဆိုထားသော အမှုအား အယူခံဝင်၊ ဧရာဝတီ
ဆက်သွယ်ရေး ဥပဒေ ပြင်ဆင်ရေး လှုပ်ရှားမှု တားမြစ်ခံရ၊ လွတ်လပ်သော အာရှအသံ/မြန်မာ
ဆက်သွယ်ရေး ဥပဒေ ပြင်ဆင်ရေး လှုပ်ရှားမှု တားမြစ်ခံရ၊ အီလဲဗင်း/မြန်မာ
သတင်းထောက် အလုပ်ထုတ်ခံရခြင်းအတွက် သတင်းလွတ်လပ်ခွင့်နှင့် ပတ်သက်၍ စိုးရိမ်မကင်းဖြစ်၊Frontier Myanmar

## နိုဝင်ဘာလ ၅ ရက်

မိုင်းရှူးမြို့နယ်တွင် ရွာသား ဆယ့်ကိုးဦးအား ရှမ်းပြည်တပ်မတော်မှ ဖမ်းဆီး၊ အီလဲဗင်း/မြန်မာ

မိုင်းရှူးမြို့နယ်တွင် ရွာသား ဆယ့်ကိုးဦးအား ရှမ်းပြည်တပ်မတော်မှ ဖမ်းဆီး၊ မြန်မာတိုင်း

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်အား ဝေဖန်ခြင်းအတွက်NLD အဖွဲ့ဝင်တစ်ဦး ဖမ်းဆီး၊ တရားစွဲဆိုခံရ၊ အီလဲဗင်း/မြန်မာ

ဆက်သွယ်ရေး ဥပဒေ ပြင်ဆင်ရေး လှုပ်ရှားမှု တားမြစ်ခံရ၊ အီလဲဗင်း

ဆက်သွယ်ရေး ဥပဒေ ပြင်ဆင်ရေးလှုပ်ရှားမှု တားမြစ်ခံရ၊7 Day Daily/မြန်မာ

သတင်းထောက် အလုပ်ထုတ်ခံရခြင်းအတွက် သတင်းလွတ်လပ်ခွင့်နှင့် ပတ်သက်၍ စိုးရိမ်မကင်းဖြစ်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

## နိုဝင်ဘာလ ၇ ရက်

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်အား ဝေဖန်ခြင်းအတွက်     NLD   အဖွဲ့ဝင်တစ်ဦး ဖမ်းဆီး၊ တရားစွဲဆိုခံရ၊
ဆက်သွယ်ရေးဥပဒေဖြင့် အမှုစစ်ဆေးနေခြင်းအား အကန့်အသတ်မရှိ ရွှေ့ဆိုင်း၊ ဒီဗွီဘီ
ဆက်သွယ်ရေး ဥပဒေ ပြင်ဆင်ရေး လှုပ်ရှားမှု တားမြစ်ခံရ၊ မြန်မာတိုင်း
သတင်းထောက် အလုပ်ထုတ်ခံရခြင်းအတွက် သတင်းလွတ်လပ်ခွင့်နှင့် ပတ်သက်၍ စိုးရိမ်မကင်းဖြစ်၊ နိရဉ္ဇရာ/မြန်မာ

## နိုဝင်ဘာလ ၈ ရက်

မြင်းခြံထောင်တွင် ပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှုများ တွေ့ရှိ၊ မြန်မာတိုင်း

## နိုဝင်ဘာလ ၉ ရက်

ရန်ကုန်တိုင်းအစိုးရမှ အီလဲဗင်း မီဒီယာဂရုအား အသရေ ဖျက်ခြင်းအတွက် တရားစွဲဆို၊ လွတ်လပ်သော အာရှအသံ/မြန်မာ
ရန်ကုန်တိုင်းအစိုးရမှ အီလဲဗင်း မီဒီယာဂရုအား အသရေ ဖျက်ခြင်းအတွက် တရားစွဲဆို၊ ဘီဘီစီ/မြန်မာ
ရန်ကုန်တိုင်းအစိုးရမှ အီလဲဗင်း မီဒီယာဂရုအား အသရေ ဖျက်ခြင်းအတွက် တရားစွဲဆို၊ ဧရာဝတီ/မြန်မာ
တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်အား ဝေဖန်ခြင်းအတွက်     NLD   အဖွဲ့ဝင်တစ်ဦး ဖမ်းဆီး၊ တရားစွဲဆိုခံရ၊ ဒီဗွီဘီ/မြန်မာ
တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်အား ဝေဖန်ခြင်းအတွက်     NLD   အဖွဲ့ဝင်တစ်ဦး ဖမ်းဆီး၊ တရားစွဲဆိုခံရ၊The Voice/မြန်မာ
တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်အား ဝေဖန်ခြင်းအတွက်     NLD   အဖွဲ့ဝင်တစ်ဦး ဖမ်းဆီး၊ တရားစွဲဆိုခံရ၊ လွတ်လပ်သသော အာရှအသံ/မြန်မာ
တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်အား ဝေဖန်ခြင်းအတွက်NLD အဖွဲ့ဝင်တစ်ဦး ဖမ်းဆီး၊ တရားစွဲဆိုခံရ၊ အီလဲဗင်း/မြန်မာ

## နိုဝင်ဘာလ ၁၀ ရက်

ရန်ကုန်တိုင်းအစိုးရမှ အီလဲဗင်း မီဒီယာဂရုအား အသရေ ဖျက်ခြင်းအတွက် တရားစွဲဆို၊ မြန်မာတိုင်း/မြန်မာ
ရန်ကုန်တိုင်းအစိုးရမှ အီလဲဗင်း မီဒီယာဂရုအား အသရေ ဖျက်ခြင်းအတွက် တရားစွဲဆို၊ 7 Day Daily/မြန်မာ
ရန်ကုန်တိုင်းအစိုးရမှ အီလဲဗင်း မီဒီယာဂရုအား အသရေ ဖျက်ခြင်းအတွက် တရားစွဲဆို၊ လွတ်လပ်သော အာရှအသံ/မြန်မာ
ရန်ကုန်တိုင်းအစိုးရမှ အီလဲဗင်း မီဒီယာဂရုအား အသရေ ဖျက်ခြင်းအတွက် တရားစွဲဆို၊ ဒီဗွီဘီ/မြန်မာ
ရန်ကုန်တိုင်းအစိုးရမှ အီလဲဗင်း မီဒီယာဂရုအား အသရေ ဖျက်ခြင်းအတွက် တရားစွဲဆို၊ ဗွီအိုအေ/မြန်မာ

ရန်ကုန်တိုင်းအစိုးရမှ အီလဲဗင်း မီဒီယာဂရုအား အသရေ ဖျက်ခြင်းအတွက် တရားစွဲဆို၊ The Voice/မြန်မာ

ရန်ကုန်တိုင်းအစိုးရမှ အီလဲဗင်း မီဒီယာဂရုအား အသရေ ဖျက်ခြင်းအတွက် တရားစွဲဆို၊ မြန်မာတိုင်း

ရန်ကုန်တိုင်းအစိုးရမှ အီလဲဗင်း မီဒီယာဂရုအား အသရေ ဖျက်ခြင်းအတွက် တရားစွဲဆို၊ ဧရာဝတီ

ရန်ကုန်တိုင်းအစိုးရမှ အီလဲဗင်း မီဒီယာဂရုအား အသရေ ဖျက်ခြင်းအတွက် တရားစွဲဆို၊ အီလဲဗင်း

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်အား ဝေဖန်ခြင်းအတွက် NLD အဖွဲ့ဝင်တစ်ဦး ဖမ်းဆီး၊ တရားစွဲဆိုခံရ၊ 7 Day Daily/မြန်မာ

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်အား ဝေဖန်ခြင်းအတွက် NLD အဖွဲ့ဝင်တစ်ဦး ဖမ်းဆီး၊ တရားစွဲဆိုခံရ၊ မြန်မာတိုင်း/မြန်မာ

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်အား ဝေဖန်ခြင်းအတွက် NLD အဖွဲ့ဝင်တစ်ဦး ဖမ်းဆီး၊ တရားစွဲဆိုခံရ မြန်မာတိုင်း

## နိုဝင်ဘာလ ၁၁ ရက်

ရန်ကုန်တိုင်းအစိုးရမှ အီလဲဗင်း မီဒီယာဂရုအား အသရေ ဖျက်ခြင်းအတွက် တရားစွဲဆို၊ မဇ္ဈိမ

ရန်ကုန်တိုင်းအစိုးရမှ အီလဲဗင်း မီဒီယာဂရုအား အသရေ ဖျက်ခြင်းအတွက် တရားစွဲဆို၊ လွတ်လပ်သော အာရှအသံ

ရန်ကုန်တိုင်းအစိုးရမှ အီလဲဗင်း မီဒီယာဂရုအား အသရေ ဖျက်ခြင်းအတွက် တရားစွဲဆို၊ ဒီဗွီဘီ

ရန်ကုန်တိုင်းအစိုးရမှ အီလဲဗင်း မီဒီယာဂရုအား အသရေ ဖျက်ခြင်းအတွက် တရားစွဲဆို၊ မြန်မာတိုင်း

ရန်ကုန်တိုင်းအစိုးရမှ အီလဲဗင်း မီဒီယာဂရုအား အသရေ ဖျက်ခြင်းအတွက် တရားစွဲဆို၊ 7 Day Daily/မြန်မာ

ရန်ကုန်တိုင်းအစိုးရမှ အီလဲဗင်း မီဒီယာဂရုအား အသရေ ဖျက်ခြင်းအတွက် တရားစွဲဆို၊ ဘီဘီစီ/မြန်မာ

ရန်ကုန်တိုင်းအစိုးရမှ အီလဲဗင်း မီဒီယာဂရုအား အသရေ ဖျက်ခြင်းအတွက် တရားစွဲဆို၊ ဒီဗွီဘီ/မြန်မာ

ရန်ကုန်တိုင်းအစိုးရမှ အီလဲဗင်း မီဒီယာဂရုအား အသရေ ဖျက်ခြင်းအတွက် တရားစွဲဆို၊ ဗွီအိုအေ/မြန်မာ

ရန်ကုန်တိုင်းအစိုးရမှ အီလဲဗင်း မီဒီယာဂရုအား အသရေ ဖျက်ခြင်းအတွက် တရားစွဲဆို၊ မဇ္ဈိမ/မြန်မာ

ရန်ကုန်တိုင်းအစိုးရမှ အီလဲဗင်း မီဒီယာဂရုအား အသရေ ဖျက်ခြင်းအ တွက် တရားစွဲဆို၊ The Voice/မြန်မာ

ရန်ကုန်တိုင်းအစိုးရမှ အီလဲဗင်း မီဒီယာဂရုအား အသရေ ဖျက်ခြင်းအတွက် တရားစွဲဆို၊ ဧရာဝတီ/မြန်မာ

လူမှုကွန်ရက်စာမျက်နှာတွင် အသရေဖျက်ခြင်းအတွက် ကြက်ဖကြီး အကောင့်ပိုင်ရှင်ဟု စွပ်စွဲခံရသူ ထောင်ဒဏ်ချမှတ်ခံရ၊ ဒီဗွီဘီ

လူမှုကွန်ရက်စာမျက်နှာတွင် အသရေဖျက်ခြင်းအတွက် ကြက်ဖကြီး အကောင့်ပိုင်ရှင်ဟု စွပ်စွဲခံရသူ ထောင်ဒဏ်ချမှတ်ခံရ၊ ဒီဗွီဘီ/မြန်မာ

လူမှုကွန်ရက်စာမျက်နှာတွင် အသရေဖျက်ခြင်းအတွက် ကြက်ဖကြီး အကောင့်ပိုင်ရှင်ဟု စွပ်စွဲခံရသူ ထောင်ဒဏ်ချမှတ်ခံရ၊ မဇ္ဈိမ/မြန်မာ

စစ်ကိုင်း အလုပ်သမားအခွင့်အရေး ဆန္ဒပြသူများ ပြန်လည် လွတ်မြောက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

စစ်ကိုင်း အလုပ်သမားအခွင့်အရေး ဆန္ဒပြသူများ ပြန်လည် လွတ်မြောက်၊ အီလဲဗင်း/မြန်မာ

## နိုဝင်ဘာလ ၁၂ ရက်

ရန်ကုန်တိုင်းအစိုးရမှ အီလဲဗင်း မီဒီယာဂရုအား အသရေ ဖျက်ခြင်းအတွက် တရားစွဲဆို၊ အီလဲဗင်း/မြန်မာ

ရန်ကုန်တိုင်းအစိုးရမှ အီလဲဗင်း မီဒီယာဂရုအား အသရေ ဖျက်ခြင်းအတွက် တရားစွဲဆို၊ 7 Day Daily/မြန်မာ

လူမှုကွန်ရက်စာမျက်နှာတွင် အသရေဖျက်ခြင်းအတွက် ကြက်ဖကြီး အကောင့်ပိုင်ရှင်ဟု စွပ်စွဲခံရသူ ထောင်ဒဏ်ချမှတ်ခံရ၊ အီလဲဗင်း

## နိုဝင်ဘာလ ၁၄ ရက်

ငြိမ်းချမ်းရေးစုံညီပြဿနာဖြင့် တစ်ကိုယ်တော် ဆန္ဒပြသူတစ်ဦး ဖမ်းဆီးခံရ၊The Voice/မြန်မာ

ရန်ကုန်တိုင်းအစိုးရမှ အီလဲဗင်း မီဒီယာဂရုအား အသရေ ဖျက်ခြင်းအတွက် တရားစွဲဆို၊ ဘီဘီစီ/မြန်မာ

ရန်ကုန်တိုင်းအစိုးရမှ အီလဲဗင်း မီဒီယာဂရုအား အသရေ ဖျက်ခြင်းအတွက် တရားစွဲဆို၊ အီလဲဗင်း/မြန်မာ

## နိုဝင်ဘာလ ၁၅ ရက်

ရန်ကုန်တိုင်းအစိုးရမှ အီလဲဗင်း မီဒီယာဂရုအား အသရေ ဖျက်ခြင်းအတွက် တရားစွဲဆို၊ ချင်းနားပို့

လူမှုကွန်ရက်စာမျက်နှာတွင် အသရေဖျက်ခြင်းအတွက် ကြက်ဖကြီး အကောင့်ပိုင်ရှင်ဟု စွပ်စွဲခံရသူ ထောင်ဒဏ်ချမှတ်ခံရ၊ မြန်မာတိုင်း

စစ်ကိုင်း အလုပ်သမားအခွင့်အရေး ဆန္ဒပြသူများ ပြန်လည် လွတ်မြောက်၊ မြန်မာတိုင်း

ထောင်တွင်းတွင် လိင်ပြောင်းလဲထားသူများအား ပစ်မှတ်ထားကာ အကြမ်းဖက်၊ Reuters

## နိုဝင်ဘာလ ၁၆ ရက်

ရှမ်းပြည် တပ်မတော် (မြောက်ပိုင်း) ၏ တပ်သား လေးဦးကို တပ်မတော်မှ ဖမ်းဆီး၊ ဧရာဝတီ

ရှမ်းပြည် တပ်မတော် (မြောက်ပိုင်း) ၏ တပ်သား လေးဦးကို တပ်မတော်မှ ဖမ်းဆီး၊ ဧရာဝတီ/မြန်မာ

## နိုဝင်ဘာလ ၁၇ ရက်

အသရေဖျက်ခြင်းအတွက် ဖမ်းဆီးခံခဲ့ရသော တက်ကြွလှုပ်ရှားသူတစ်ဦး လွတ်မြောက်၊ ဒီဗွီဘီ/မြန်မာ

## နိုဝင်ဘာလ ၁၈ ရက်

အသရေဖျက်ခြင်းအတွက် ဖမ်းဆီးခံခဲ့ရသော တက်ကြွလှုပ်ရှားသူတစ်ဦး လွတ်မြောက်၊ ဒီဗွီဘီ

အသရေဖျက်ခြင်းအတွက် ဖမ်းဆီးခံခဲ့ရသော တက်ကြွလှုပ် ရှားသူတစ်ဦး လွတ်မြောက်၊ 7 Day Daily/မြန်မာ

NLD ၏ မြို့နယ် လူငယ်လုပ်ငန်းအဖွဲ့ဝင် တစ်ဦးအား ပုဒ်မ ၆၆/ဃ ဖြင့် တရားစွဲဆို၊ အီလဲဗင်း/မြန်မာ

## နိုဝင်ဘာလ ၂၀ ရက်

NLD ၏ မြို့နယ် လူငယ်လုပ်ငန်းအဖွဲ့ဝင် တစ်ဦးအား ပုဒ်မ ၆၆/ဃ ဖြင့် တရားစွဲဆို၊ အီလဲဗင်း

## နိုဝင်ဘာလ ၂၂ ရက်

NLD အဖွဲ့ဝင်တစ်ဦးအား ပုဒ်မ၆၆/ဃ ဖြင့် ထိန်းသိမ်း၊ ဧရာဝတီ

NLD အဖွဲ့ဝင်တစ်ဦးအား ပုဒ်မ၆၆/ဃ ဖြင့် ထိန်းသိမ်း၊ ဧရာဝတီ/မြန်မာ

NLD အဖွဲ့ဝင်တစ်ဦးအား ပုဒ်မ၆၆/ဃ ဖြင့် ထိန်းသိမ်း၊ The Voice/မြန်မာ

NLD အဖွဲ့ဝင်တစ်ဦးအား ပုဒ်မ၆၆/ဃ ဖြင့် ထိန်းသိမ်း၊ အီလဲဗင်း/မြန်မာ

ညှော်စာရင်းတိုင်ကြားရန် မလိုတော့သည့် ရပ်ကွက် (သို့မဟုတ်) ကျေးရွာ အုပ်ချုပ်ရေး ဥပဒေကြမ်းအား အတည်ပြု၊ 7 Day Daily/မြန်မာ

ညှော်စာရင်းတိုင်ကြားရန် မလိုတော့သည့် ရပ်ကွက် (သို့မဟုတ်) ကျေးရွာ အုပ်ချုပ်ရေး ဥပဒေကြမ်းအား အတည်ပြု၊ မြန်မာတိုင်း

## နိုဝင်ဘာလ ၂၃ ရက်

နမ္မတူမြို့နယ်တွင် ရွာသား ဆယ့်တစ်ဦး ဖမ်းဆီးခံရ၊ ဒီဗွီဘီ/မြန်မာ

ညှော်စာရင်းတိုင်ကြားရန် မလိုတော့သည့် ရပ်ကွက် (သို့မဟုတ်) ကျေးရွာ အုပ်ချုပ်ရေး ဥပဒေကြမ်းအား အတည်ပြု၊ မြန်မာတိုင်း/မြန်မာ

## နိုဝင်ဘာလ ၂၄ ရက်

ရန်ကုန်တိုင်းအစိုးရမှ အီလဲဗင်း မီဒီယာဂရုအား အသရေ ဖျက်ခြင်းအတွက် တရားစွဲဆို၊ မဇ္ဈိမ

## နိုဝင်ဘာလ ၂၅ ရက်

ဆက်သွယ်ရေးဥပဒေဖြင့် NLD အဖွဲ့ဝင်တစ်ဦး ဖမ်းဆီးခံရ၊ အီလဲဗင်း/မြန်မာ

ဆက်သွယ်ရေးဥပဒေဖြင့် NLD အဖွဲ့ဝင်တစ်ဦး ဖမ်းဆီးခံရ၊ မဇ္ဈိမ/မြန်မာ

## နိုဝင်ဘာလ ၂၆ ရက်

ဆက်သွယ်ရေးဥပဒေဖြင့် NLD အဖွဲ့ဝင်တစ်ဦး ဖမ်းဆီးခံရ၊ အီလဲဗင်း

ရန်ကုန်တိုင်းအစိုးရမှ အီလဲဗင်း မီဒီယာဂရုအား အသရေ ဖျက်ခြင်းအတွက် တရားစွဲဆို၊ မဇ္ဈိမ

## နိုဝင်ဘာလ ၃၀ ရက်

ဆက်သွယ်ရေးဥပဒေ ၆၆/ဃ ဖြင့် သတင်းထောက်တစ်ဦး ထိန်းသိမ်းခံရ၊ ဧရာဝတီ

ဆက်သွယ်ရေးဥပဒေ ၆၆/ဃ ဖြင့် သတင်းထောက်တစ်ဦး ထိန်းသိမ်းခံရ၊ ဧရာဝတီ/မြန်မာ

ဆက်သွယ်ရေးဥပဒေ ၆၆/ဃ ဖြင့် သတင်းထောက်တစ်ဦး ထိန်းသိမ်းခံရ၊ မဇ္ဈိမ/မြန်မာ

ဆက်သွယ်ရေးဥပဒေ ၆၆/ဃ ဖြင့် သတင်းထောက်တစ်ဦး ထိန်းသိမ်းခံရ၊ ဘီဘီစီ/မြန်မာ

ရန်ကုန်တိုင်းအစိုးရမှ အီလဲဗင်း မီဒီယာဂရုအား အသရေ ဖျက်ခြင်းအတွက် တရားစွဲဆို၊ ဧရာဝတီ

ရန်ကုန်တိုင်းအစိုးရမှ အီလဲဗင်း မီဒီယာဂရုအား အသရေ ဖျက်ခြင်းအတွက် တရားစွဲဆို၊ အီလဲဗင်း/မြန်မာ

ရန်ကုန်တိုင်းအစိုးရမှ အီလဲဗင်း မီဒီယာဂရုအား အသရေ ဖျက်ခြင်းအတွက် တရားစွဲဆို၊ ဧရာဝတီ/မြန်မာ

ရန်ကုန်တိုင်းအစိုးရမှ အီလဲဗင်း မီဒီယာဂရုအား အသရေ ဖျက်ခြင်းအတွက် တရားစွဲဆို၊ မဇ္ဈိမ/မြန်မာ

ရန်ကုန်တိုင်းအစိုးရမှ အီလဲဗင်း မီဒီယာဂရုအား အသရေ ဖျက်ခြင်းအတွက် တရားစွဲဆို၊ The Voice/မြန်မာ

ရန်ကုန်တိုင်းအစိုးရမှ အီလဲဗင်း မီဒီယာဂရုအား အသရေ ဖျက်ခြင်းအတွက် တရားစွဲဆို၊ ဘီဘီစီ/မြန်မာ

ဆက်သွယ်ရေးဥပဒေဖြင့် မစန္ဒီမြင့်အောင် ဖမ်းဆီးခံရ၊ ဧရာဝတီ/မြန်မာ

ဆက်သွယ်ရေးဥပဒေဖြင့် မစန္ဒီမြင့်အောင် ဖမ်းဆီးခံရ အီလဲဗင်း/မြန်မာ

ဆက်သွယ်မေးမြန်းရန်
နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း
တိတ်နိုင် အတွင်းရေးမှူး +၆၆(၀) ၈၁ ၂၈၇၈ ၇၅၁
ဘိုကြည် တွဲဘက်အတွင်းရေးမှူး +၉၅(၀) ၉၄ ၂၅၃၀ ၈၈၄၀